ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ရက်၊ တနင်္လာနေ့၊ (10-10-2005) (၄၇၄၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရေစက်သွန်းချ အမျှပေးဝေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ပရိသတ်များက ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ခြောက်တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲအခမ်းအနားတွင် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပရိယတ္တိစာသင်တိုက်ကြီးခြောက်တိုက်သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်လှူဒါန်းပွဲ တက်ရောက်ကြည်ညို

ရန်ကုန် အောက်တိုဘာ ၉

ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ကြီး ခြောက်တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ခြောက်တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၀–၁၀–၂၀၀၅
(တနင်္လာနေ့)

ဝါမျိုးကောင်း မျိုးသန့်များ တိုးချဲ့စိုက်ပျိုး ဒေသစိမ်းလန်းစိုပြည်ရေး ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုအတွင်းရှိ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်က ဖန်တီးဖော်ဆောင်ပေးနေသည်။ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့် အကျိုးရလဒ်ကောင်းများကို ပြည်သူအားလုံး မျှဝေခံစားနိုင်စေရန် အားထုတ်ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။

မကွေးတိုင်း အပါအဝင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသသည် ပူပြင်းခြောက်သွေ့ပြီး မိုးနည်းရေရှားသော ဒေသဖြစ်ရာ တောင်သူများ အနေဖြင့် ယခင်ကမိုးရွာသွန်းမှုကိုသာ မျှော်ကိုးစိုက်ပျိုးခဲ့ကြရသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ ယင်းသဘာဝအတားအဆီးများကို ကျော်လွှားနိုင်ရေးအတွက် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ပြီး ရာသီဥတုမှန်ကန်လာစေရန် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့၌ စတင်အကောင်အထည်ဖော်ခဲ့သည်။

မကွေးတိုင်းကဲ့သို့ မိုးခေါင်ရေရှားပြီး ပူပြင်းခြောက်သွေ့သည့် ဒေသမျိုးတွင် ဒေသဖွံ့ဖြိုးတိုးတက် စည်ပင်ဝပြောရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ဖြည့်ဆည်းထူထောင်ပေးလျက်ရှိသည်။ မကွေးတိုင်းသည် ဝါသီးနှံ၊ ဆီထွက်သီးနှံနှင့် ပဲအမျိုးမျိုးစသည့် လယ်ယာထွက်ကုန်သီးနှံ အထွက်များသော ဒေသဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအကျိုးပြု ဆည်တမံများစွာကို တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အောက်တိုဘာလ ၁ ရက်နေ့က မကွေးတိုင်း ပခုက္ကူမြို့နယ်တွင် ဖွင့်လှစ်ခဲ့သော ချည်မျှင်နှင့် အထည်စက်ရုံ(ပခုက္ကူ)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားရာ၌ **စက်ရုံကြီး ရေရှည်တည်တံ့ရေး၊ ဝါကုန်ကြမ်းသီးနှံများ လုံလုံလောက်လောက် စိုက်ပျိုးထွက်ရှိပြီး စက်ရုံ၏ ကုန်ထုတ်လုပ်ငန်းကို ထိထိမိမိ အထောက်အကူပြုနိုင်ရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်ကြပါ၊ မိမိတို့တစ်ဦးချင်း၏ အကျိုးစီးပွားအပြင် မိမိဒေသ၊ နိုင်ငံတော်နှင့် ပြည်သူများအတွက်ပါ အကျိုးဖြစ်ထွန်းမှုများ ရရှိအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြပါ** ဟူ၍ မှာကြားသွားသည်။

ပခုက္ကူခရိုင်အတွင်း၌ ခေတ်မီချည်မျှင်နှင့် အထည်စက်ရုံကို ဖွင့်လှစ်နိုင်သည့်အတွက် ပခုက္ကူ၊ ဆိပ်ဖြူ၊ ပေါက်၊ မြိုင်၊ ရေစကြိုစသောမြို့နယ်များရှိ ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာပြီဖြစ်သည်။ တစ်ချိန်တည်းတွင် အဆိုပါ ချည်မျှင်နှင့်အထည်စက်ရုံအတွက် လိုအပ်သည့် ဝါကုန်ကြမ်းသီးနှံများ အပြည့်အဝရရှိရေးအတွက် တောင်သူများက ဝါစိုက်ပျိုးရေးလုပ်ငန်းကို အလေးထားလုပ်ကိုင်နိုင်ကြပြီဖြစ်သည်။

ယခုအခါ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းလျက်ရှိရာ ၁၃ ခရိုင်အထိ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်လာနိုင်ပြီဖြစ်သည်။ သစ်တောသစ်ပင်များ ထိန်းသိမ်းကာကွယ်ခြင်း၊ တိုးချဲ့စိုက်ပျိုးခြင်း၊ ကျေးလက်ထင်းစိုက်ခင်းများ ဖော်ထုတ်အားပေးခြင်း၊ အခြေအနေပေးသော နေရာများတွင် ရေလှောင်တမံများ တည်ဆောက်ပေးခြင်းနှင့် မြစ်ရေနှင့် မြေအောက်ရေကို စိုက်ပျိုးရေးလုပ်ငန်းများ၌ အသုံးပြုနိုင်စေရန် စီမံဖြည့်ဆည်းပေးမှုများကြောင့် ဒေသစိမ်းလန်းစိုပြည်လာသည့်အပြင် သီးနှံများအောင်မြင်စွာ စိုက်ပျိုးနိုင်ရေး အကျိုးပြုလျက်ရှိသည်။

သာဓကအားဖြင့် မကွေးတိုင်း၌ ဆည်တမံ စုစုပေါင်း ၃၁ ခုနှင့် မြစ်ရေတင်လုပ်ငန်း ၄၅ ခုကို ဖော်ဆောင်ပေးခဲ့ပြီးဖြစ်သည်။ ပခုက္ကူခရိုင်အတွင်း၌လည်း ဆည်တမံကိုးခုနှင့် မြစ်ရေတင်လုပ်ငန်း ရှစ်ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ရာ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်မြင့်မားလာရေးအတွက် နိုင်ငံတော်၏ အားပေးဖြည့်ဆည်းပေးမှုများနှင့်အညီ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် တောင်သူများအနေဖြင့် ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံအတွက် ဝါမျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျောက်မျက်အတွဲပေါင်း ၄၅ တွဲ ရောင်းချရ

ရန်ကုန် အောက်တိုဘာ ၉

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းတို့သည် ယနေ့နံနက် ၁၀နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၀၅ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ရောက်ရှိလာပြီး မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ခင်းကျင်းပြသရောင်းချလျက်ရှိသည့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ရတနာဆိုင်များ၊ ပုဂ္ဂလိက ရတနာရွှေဆိုင်များ၊ ကျောက်စိမ်းအချောထည်ဆိုင်များနှင့် ကျောက်ကပ်ပန်းချီအရောင်းဆိုင်များကို ကြည့်ရှုအားပေး၍ ရတနာများကို ဝယ်ယူနေကြသော ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် မြန်မာ့ကျောက်မျက်ရတနာခန်းမ ဈေးပြိုင်ခန်းမ၌ ကျောက်မျက်အတွဲများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုများကို ကြည့်ရှုအားပေးပြီး**(အပေါ်ပုံ)** မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

၂၀၀၅ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ယနေ့နံနက် ၉နာရီမှစတင်၍ ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချရာ ညနေ ၄နာရီမိနစ် ၂၀တွင် ကျောက်မျက်အတွဲပေါင်း ၄၅တွဲကို ရောင်းချခဲ့ရသည်။

ယခု နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံပေါင်း ၁၃နိုင်ငံ၊ ကုမ္ပဏီပေါင်း ၃၁၉ခုမှ ရတနာကုန်သည် ၁၁၈၀နှင့် ပြည်တွင်းကုမ္ပဏီ ၃၂၅ခုမှ နိုင်ငံသား ရတနာကုန်သည် ၇၈၁ဦး စုစုပေါင်း ၁၉၆၁ဦးတို့ ရောက်ရှိနေကြပြီး ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ကျောက်စိမ်းအတွဲများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာနေကြသည်။

ရောင်းချသွားမည်

ဆက်လက်၍ ကျောက်စိမ်းအတွဲများကို အောက်တိုဘာ ၁၁ရက်နေ့တွင် ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

စာအောင်ဆုနှင်းပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၉

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် ဖုန်း– ၃၇၀၉၅၈၌ အောက်တိုဘာ ၁၇ ရက် (သီတင်းကျွတ်လပြည့်နေ့) နံနက် ၉နာရီတွင် (၄၃)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲနှင့် စာအောင်ဆုနှင်းပွဲကို ကျင်းပမည်ဖြစ်၍ အသက် (၇၅)နှစ် ပြည့်ပြီးသော အမှုဆောင်ဟောင်းများနှင့် စာအောင်ပုဂ္ဂိုလ်များ ကြွရောက်ကြရန်ဖိတ်ကြားထားသည်။ (၂၃)

လေဖိအားနည်းရပ်ဝန်းကြောင့် မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် အောက်တိုဘာ ၉

ယမန်နေ့က ထိုင်းနိုင်ငံပေါ်၌ ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အနောက်ဘက်သို့ ရွေ့လျားခဲ့ကာ ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းသို့ ရောက်ရှိနေသည်။

ယင်းလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့နံနက်မှ နောက် ၄၈နာရီအတွင်း ရခိုင်ပြည်နယ်တောင်ပိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

အောက်တိုဘာ ၁ရက်က ရန်ကုန် အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၅)အခမ်းအနားကို ခရိုင်အသင်းရုံးခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိသော ပန်းဘဲတန်းမြို့နယ်မှ အသင်းသား မောင်အောင်ငြိမ်းမြတ်အား ခရိုင်အသင်းအတွင်းရေးမှူး ဦးနေဝင်း ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်စဉ်။ (၅၂၉)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ သဃ်ာန်းကျွန်းမြို့နယ် ခိုင်မာလာလမ်း သီရိရတနာရိပ်သာနေ ကွယ်လွန်သူ မိဘများဖြစ်သည့် ဗိုလ်မှူးလှအောင် – ဒေါ်စိန်စိန်လှိုင်တို့အား ရည်စူး၍ သား၊ သမီး၊ မြေးတစ်စုတို့က ငွေကျပ် ၁၂၀၀၀၀ ကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ အလုပ်ပေးတရားစခန်း

ရန်ကုန် အောက်တိုဘာ ၉

မော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ ချမ်းအေး အမှတ်(၄) ကျောင်းတိုက် မိုးကုတ်ဓမ္မရိပ်သာ၏ (၁၇)ကြိမ်မြောက် သီတင်းကျွတ် မိုးကုတ်ဝိပဿနာ အလုပ်ပေး ခုနစ်ရက် တရားစခန်းကို အောက်တိုဘာ ၁၆ရက်မှ ၂၂ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရိပ်သာဆရာတော်များ ဖြစ်ကြသည့် ဦးဝါယမ၊ ဦးဝိမလ၊ ဦးပဏ္ဍဝံသနှင့် မိုးကုတ် နယ်လှည့်ဓမ္မကထိက ဒေါက်တာဦးကျော်မြင့်၊ သီလရှင်ဆရာမကြီး ဒေါ်ဝိမလစာရီတို့က ခန္ဓာဉာဏ်ရောက် ဝိပဿနာ အလုပ်ပေး သစ္စာဆိုက်ရောက်တရားများ ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ စရိတ်ငြိမ်းဖြင့် အောက်တိုဘာ ၁၅ရက် နံနက် ၈နာရီ အရောက် အဆိုပါရိပ်သာနှင့် အမှတ် (၄၆) ဥယျာဉ်လမ်း ကြည့်မြင်တိုင်မြို့နယ်သို့ အရောက်ကြွရောက်ကြရန် နှိုးဆော်ထားသည်။ (က–ပ)

ကြည့်ရှုစစ်ဆေး

၂၀၀၅ ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်များအလိုက် ပြိုင်ပွဲများကျင်းပမည့်နေရာများ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပမည့်နေရာများ တိုင်းမှူးစစ်ဆေး
အမျိုးသားရေးစရိုက်လက္ခဏာ ပေါ်လွင်စွာပြသနိုင်အောင် ဆောင်ရွက်ရေးမှာကြား

ရန်ကုန် အောက်တိုဘာ ၉

၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့နံနက် ၉နာရီခွဲတွင် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ အဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်များအလိုက် ပြိုင်ပွဲများကျင်းပမည့်နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် အရေးပြိုင်ပွဲ ကျင်းပမည့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာန၏ ကမ္ဘောဇဓာတ်ရုံသို့လည်းကောင်း၊ အတီးပြိုင်ပွဲကျင်းပမည့် စမ်းချောင်းမြို့နယ် ပဒုမ္မာဓာတ်ရုံသို့ လည်းကောင်း၊ အဆိုပြိုင်ပွဲကျင်းပမည့် ပြည်လမ်းရှိ အမျိုးသားပြတိုက် ပထမထပ် ခန်းမဆောင်သို့ လည်းကောင်း၊ အကပြိုင်ပွဲနှင့် ဓာတ်သဘင်ပြိုင်ပွဲ ကျင်းပမည့် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံသို့လည်းကောင်း သွားရောက်၍ ပြိုင်ပွဲများ ကျင်းပရန် ပြင်ဆင်ဆောင်ရွက် ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်းနှင့် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှု တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးတို့က လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ အနုပညာ အရည်အသွေး မြင့်မားမှု မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာ အဆင့်အတန်း မြင့်မားမှုနှင့် ခမ်းနားထည်ဝါမှုတို့ကို ပေါ်လွင်စွာ ဖော်ညွှန်းပြသနိုင်အောင် ဝိုင်းဝန်းစီမံဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။

၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။

၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ပူးတွဲသတင်းကိုယ်စားလှယ်အဖွဲ့ လေ့လာရေးအဖြစ် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ သွားရောက် လေ့လာရန် ပြန်ကြားရေးဝန်ကြီးဌာနသတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့သတင်းစဉ် (နိုင်ငံခြား)မှ စာတည်းဦး မြင့် အောင်ထွန်းနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဌာနခွဲမှူး (သတင်း) ဦးအောင်မြိုင်တို့ အောက်တိုဘာ ၉ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မထွက်ခွာမီ တွေ့ရစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီးဦးဖေသန်း ဆိပ်ခံဖောနှင့် တံတားခံဖောများပြုပြင်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၉

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် အောက်တိုဘာ ၈ရက် ညနေပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် မြို့ပြအင်ဂျင်နီယာဌာန ထိန်းသိမ်းရေးဌာနခွဲသို့ ရောက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက ဗိုလ်တထောင် အမှတ်(၂) ကမ်းနားဒေသ သောင်ထွန်းမှု အခြေအနေများ၊ သံမဏိဖောများ ကျင်းတင်ပြုပြင်နိုင်မှု အခြေအနေများကို တင်ပြပြီး မြို့ပြအင်ဂျင်နီယာချုပ်က ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်ဆိပ်ကမ်းနှင့် ပြင်ပဆိပ်ကမ်းများမှ သံမဏိဖောတံတားများ ပြုပြင်မှု အခြေအနေများကို တင်ပြသည်။

ဒုတိယဝန်ကြီးက ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး ဗိုလ်တထောင် အမှတ်(၂)ကမ်းနားဒေသရှိ လွန်းကျင်းနှင့် သံမဏိဖောများ ကျင်းတင်ပြုပြင်မှု အခြေအနေ၊ လွန်းကျင်းထိပ်၌ သောင်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ သောင်တူးဖယ်ရှားရန်နှင့် နောင်တွင် နုန်းသောင်ဖြစ်ထွန်းမှု လျော့နည်း သက်သာစေရန်အတွက် ဆောင်ရွက်ရမည့် အစီအမံများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် ဗိုလ်တထောင် အမှတ်(၂) ဆိပ်ကမ်းဒေသ ဆိပ်ခံဖောနှင့် တံတားခံဖောများ ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

လှူဒါန်း

ရန်ကုန်မြို့ သာကေတမြို့နယ် (၆)ရပ်ကွက် ဇမ္ဗူသီရိအရှေ့(၁)လမ်းနေ ဦးထွန်းထွန်းအေး–ဒေါ်လေငေါ် မိသားစုက အထွေထွေ ပဒေသာပင်ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

သားငါးဖွံ့ဖြိုးရေး အမ်းမြို့နယ်၌ ငါးမျိုးစိုက်ထည့်

ရန်ကုန် အောက်တိုဘာ ၉

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနတို့၏ အစီအစဉ်ဖြင့် အမ်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက တာဝန်ယူကျင်းပသည့် သား၊ငါးဖွံ့ဖြိုးရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၇ရက်တွင် အမ်းမြို့နယ်ရှိ ဟင်းရွက်ရေလှောင်တမံ၌ ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန လှော်ကားငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းနှင့် ငါးခုံးမသားပေါက်ကောင်ရေ ၁၅၀၀၀ကို ဟင်းရွက်ရေလှောင်တမံအတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြသည်။ (သတင်းစဉ်)

ရုန်တုန်ပြည်နယ်တွင် ပုံသေပိုင်ဆိုင်ပစ္စည်းများ ရင်းနှီးမြှုပ်နှံမှုမြင့်တက် ပထမရှစ်လတွင် အမေရိကန်ဒေါ်လာ ၈၃ ဒသမ ၁၁ ဘီလီယံရှိ

ကျီနန် အောက်တိုဘာ ၈

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ်တွင် ယခုနှစ် ပထမရှစ်လတာကာလအတွင်း ပုံသေပိုင်ဆိုင်ပစ္စည်းများ ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၈၃ ဒသမ ၁၁ ဘီလီယံ ရှိကြောင်း၊ တစ်နှစ်ထက်တစ်နှစ် မြင့်တက်နှုန်းမှာ ၃၈ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း နောက်ဆုံးထုတ်ပြန်သည့် စာရင်းဇယားများအရ သိရှိရသည်။

မြို့ပြဒေသများတွင် ပုံသေပိုင်ဆိုင်ပစ္စည်းများ ရင်းနှီးမြှုပ်နှံမှုမှာ အဆိုပါကာလတွင် အမေရိကန် ဒေါ်လာ ၅၃ ဒသမ ဝ၆ ဘီလီယံရှိကြောင်း၊ ယမန်နှစ်အလားတူ ကာလထက် ၃၆ ရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ ပြည်နယ်အတွင်းရှိ ပုံသေပိုင်ဆိုင်ပစ္စည်းများ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၆၃ ဒသမ ၈ ရာခိုင်နှုန်းကို ဆောင်ကြဉ်းပေးလျက်ရှိကြောင်း ပြည်နယ်စာရင်းအင်းဗျူရိုက ထုတ်ပြန်သော အချက်အလက်များအရ သိရှိရသည်။

ရင်းနှီးမြှုပ်နှံ

အစိုးရမဟုတ်သော ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၃၃ ဘီလီယံရှိပြီး ပုံသေပိုင်ဆိုင်ပစ္စည်း ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၇၃ ဒသမ ၈ ရာခိုင်နှုန်းကို ဆောင်ကြဉ်းပေးသည်။

ပုံသေပိုင်ဆိုင်ပစ္စည်းများ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများအနက် စားသောက်ကုန်နှင့် လယ်ယာထွက်ကုန် ထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်စွမ်းအား ထုတ်လုပ်ရေးလုပ်ငန်း၊ စက်ကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊အသေးစား စက်မှုလက်မှုလုပ်ငန်းများ၊အထည်အလိပ်လုပ်ငန်းများ၊ ပတ်ဝန်းကျင်ကာကွယ်ရေးလုပ်ငန်းနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းတို့မှာ မြင့်တက်မှု အသွက်ဆုံးဖြစ်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံမှ အမေရိကန်နှင့် အပေါင်းပါတပ်များ ရုပ်သိမ်းပေးရန် တောင်းဆိုနေသူများကို ပိုလန်နိုင်ငံ ဝါဆောမြို့တွင် အောက်တိုဘာ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ အန်ဘာပြည်နယ် အနောက်ပိုင်းတွင် တိုက်ခိုက်မှုများဖြစ်ပွား ဟူဆေဘာမြို့ရှိ အဆောက်အအုံတစ်လုံး လေကြောင်းမှတိုက်ခိုက်ခံရ

ဘဂ္ဂဒက် အောက်တိုဘာ ၈

အီရတ်နိုင်ငံတွင် စစ်ဆင်ရေးလုပ်ငန်းတစ်ရပ်ဆောင်ရွက်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ် ပြောက်ကျားများ အန်ဘာပြည်နယ် အနောက်ပိုင်းရှိဒေသများတွင် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့သည် အန်ဘာပြည်နယ် ဟူဆေဘာမြို့ငယ်ရှိ အဆောက်အအုံတစ်လုံးကိုလေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ပြောက်ကျား ၂၀ ထက်မနည်း သေဆုံးကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဟူဆေဘာမြို့အနီးရှိ ကာရာဘီလာမြို့တွင်လည်း တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ ယင်းမြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များကို ခုခံတိုက်ခိုက်ရေးသမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး အမေရိကန် တပ်ဖွဲ့ဝင်များကို စစ်ကူပေးနိုင်ရန် တင့်ကားများကို စေလွှတ်ပေးခဲ့ရကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမေရိကန်တင့်ကားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြောက်ကျားနှစ်ဦး သေဆုံးခဲ့ရသည်။

အမေရိကန်တပ်ဖွဲ့သည် ဆီးရီးယားနယ်စပ်ဒေသကို ဖြတ်သန်းလျက် လက်နက်များနှင့် ပြည်ပတိုက်ခိုက်ရေးသမားများ ဝင်ရောက်နေမှုကို တားဆီးနိုင်ရန် အန်ဘာပြည်နယ်တွင် စစ်ဆင်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်နိုင်ငံ အရှေ့တောင်ပိုင်း ဝါဆစ်ပြည်နယ်တွင် ၂၂ ဦး အသတ်ခံထားရသည်ကို ရှာဖွေတွေ့ရှိ

ဘဂ္ဂဒက် အောက်တိုဘာ ၈

အီရတ်နိုင်ငံ အရှေ့တောင်ပိုင်း ဝါဆစ်ပြည်နယ် ဘာဒရာမြို့အနီးတွင် လူ ၂၂ ဦး အသတ်ခံထားရသည်ကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိရကြောင်း ရဲအရာရှိများက သောကြာနေ့တွင် ပြောကြားသည်။

မြို့တော် ဘဂ္ဂဒက် အရှေ့တောင်ဘက် ၆၉ မိုင်အကွာ အီရန်နယ်စပ်အနီးရှိ ဘာဒရာမြို့အနီးတွင် အသတ်ခံထားရသူ အများအပြားမှာ မြို့တော်ဘဂ္ဂဒက်မှဖြစ်သည်ဟု ယူဆရကြောင်း၊ အသတ်ခံရသူများသည် လွန်ခဲ့သည့် သုံးလနီးပါးက မြို့တော်ဘဂ္ဂဒက်ရှိ ၎င်းတို့၏ နေအိမ်များမှ ပြန်ပေးဆွဲခံခဲ့ကြရသူများ ဖြစ်ကြောင်း အသတ်ခံရသူများ၏ ဆွေမျိုးသားချင်းများက ပြောကြားသည်။

- ပို့ဆောင် -

ရဲတပ်ဖွဲ့သည် အသတ်ခံခဲ့ကြရသူများ၏ ရုပ်အလောင်းများကို မြို့တော်ဘဂ္ဂဒက်သို့ ပို့ဆောင်ပေးခဲ့သည်။

အသတ်ခံရသူ အများအပြားမှာ ဆွန်နီအာရပ်တို့ဖြစ်သည်ဟု ယူဆရသော်လည်း အတည်ပြုခြင်း မရှိသေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကိုလံဘီယာနိုင်ငံတွင် မြေပြိုမှုဖြစ်ပွား ၂၆ ဦးသေဆုံး၊ ၃၀ ပျောက်ဆုံးလျက်ရှိ

ဘိုဂိုတာ အောက်တိုဘာ ၈

ကိုလံဘီယာနိုင်ငံ ဘယ်လိုမြို့အနီးတွင် မြစ်ကမ်းပါးရေတိုက်စားသဖြင့် မြေပြိုကျမှုဖြစ်ပွားပြီး မြစ်ရေတစ်ဟုန်ထိုး စီးဆင်းလာရာ လူ ၂၆ ဦးထက်မနည်းသေဆုံးပြီး လူ ၃၀ ပျောက်ဆုံးလျက်ရှိကြောင်း တာဝန်ရှိသူများက သောကြာနေ့တွင် ပြောကြားသည်။

ကြေညာ

အရပ်ဘက်ကာကွယ်ရေး အလုပ်သမားများနှင့် ကြက်ခြေနီကယ်ဆယ်ရေး အလုပ်သမားများက အသက်ရှင်ကျန်ရစ်သူများနှင့် သေဆုံးသူများ၏ အလောင်းများကို ရှာဖွေရန် ကြိုးပမ်းလျက်ရှိကြောင်း မြို့တော်ဝန်၏ရုံးက ကြေညာသည်။

ကြာသပတေးနေ့ညက မြေပြိုကျရာ၌ သေဆုံးသူများတွင် ကလေးများလည်းပါဝင်ပြီး လူ ၂၀ ထက်မနည်း ဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ လုံခြုံရေး ဆောင်ရွက်နေကြသည်ကို အောက်တိုဘာ ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရုရှားခရီးသွားလုပ်ငန်း အခက်အခဲများနှင့် ကြုံတွေ့နေ နိုင်ငံတော်က အကူအညီပေးရန် ခရီးသွားလုပ်ငန်းရှင်များပန်ကြား

မော်စကို အောက်တိုဘာ ၈

ရုရှားနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလာရေး ဧည့်ကြိုလုပ်ငန်းသည် ကျဆင်းလာနေပြီး ခရီးစရိတ် ကြီးမြင့်ခြင်းနှင့် ဗီဇာဆိုင်ရာ အခက်အခဲများနှင့် ကြုံတွေ့ရလျက်ရှိရာ အစိုးရအနေဖြင့် အကူအညီပေးရန် ရုရှားခရီးသွားလုပ်ငန်းရှင်များက အောက်တိုဘာ ၄ ရက်က တောင်းဆိုခဲ့ကြသည်။

ရုရှားနိုင်ငံသို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသွားဦးရေသည် ၂၀၀၄ ခုနှစ်အတွင်းက ၂၀၀၃ ခုနှစ်ကထက် ၉၂ ရာခိုင်နှုန်း လျော့ကျသွားခဲ့သည်။ ၂၀၀၅ ခုနှစ် ပထမခြောက်လ စာရင်းအင်းများကို လေ့လာပါကလည်း ယခင်နှစ် အလားတူကာလထက် ၁၀ ဒသမ ၆ ရာခိုင်နှုန်း လျော့နည်းနေသည်ကို တွေ့ရသည်ဟု ရုရှားခရီးသွားလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆာဂျီရပီလ်ကိုက ပြောကြားသည်။

တစ်နှစ်တစ်နှစ်လျှင် ကမ္ဘာ့ခရီးသွားဦးရေ စုစုပေါင်း၏ ၁ ရာခိုင်နှုန်းနှင့် ညီမျှသော ခရီးသွားဦးရေ သုံးသန်းခန့် ရုရှားနိုင်ငံသို့ လာရောက်လည်ပတ်လေ့ရှိသည်။ နိုင်ငံသို့ လာရောက်လည်ပတ်သော ခရီးသွားဦးရေကျဆင်းလာရသော အဓိကအကြောင်းရင်းမှာ အုပ်စုလိုက် လာရောက်လည်ပတ်သော ခရီးသွားများအပေါ် ကောက်ခံသော လည်ပတ်ခစျေးနှုန်း တက်လာသည့်ပြဿနာပင် ဖြစ်သည်ဟုဆိုသည်။ ထိုဈေးနှုန်းသည် လွန်ခဲ့သောလေးနှစ်အတွင်းတွင် နှစ်ဆကျော် မြင့်တက်လာခဲ့သည်။

လက်ရှိအခြေအနေတွင် ခရီးသွားတစ်ဦးအတွက် သီတင်းတစ်ပတ်ကြာသော မော်စကိုနှင့် စိန့်ပီတာ စဘတ်မြို့ ခရီးစဉ်အတွက် ပေးရသောဈေးနှုန်းသည် ယူရို ၁၃၀၀ မှ ၁၄၀၀ (အမေရိကန် ဒေါ်လာ ၁၅၇၀ မှ ၁၆၉၀) အတွင်းရှိသည်ဟု အကယ်ဒမ်ဆားဗစ် ခရီးသွားလုပ်ငန်းမှ ညွှန်ကြားရေးမှူးချုပ် လီယိုနစ်အစ်ဆာကောဗ်ချ်က ပြောကြားသည်။

အရှေ့ဥရောပနိုင်ငံများသည် အလားတူခရီးမျိုးအတွက် တွက်ချက်ကောက်ခံသော ဈေးနှုန်းသည် ရုရှားကယူနေသော ပေါက်ဈေးထက် ပို၍သက်သာနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တရုတ်အရှေ့ပိုင်းတွင် မြစ်အတွင်းသို့ ဘတ်စ်ကားထိုးကျ

ရှန်ဟိုင်း အောက်တိုဘာ ၉

တရုတ်နိုင်ငံအရှေ့ပိုင်းတွင် ခရီးသည်တင်ဘတ်စ်ကားတစ်စီး မြစ်အတွင်းသို့ ထိုးကျမှုဖြစ်ပွားရာ လူ ၂၀သေဆုံးကြောင်း ဆင်ဟွာသတင်းဌာနက တနင်္ဂနွေနေ့တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ စင်ကျန်းပြည်နယ်တွင် ခရီးသည် ၃၆ဦးလိုက်ပါလာသော ဘတ်စ်ကားတစ်စီးသည် အငှားယာဉ်တစ်စီးကိုဝင်တိုက်မိပြီးနောက် တံတားပေါ်မှ မြစ်အတွင်းသို့ထိုးကျသွားခဲ့ရာ လူပေါင်း ၂၀ ရေနစ်သေဆုံးရပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ အနည်းငယ်ဒဏ်ရာရရှိသော လူ ၁၄ဦးကို ခြောက်မီတာအနက်ရှိ မြစ်အတွင်းမှ ကယ်တင်ပေးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အငှားယာဉ်ပေါ်တွင် လိုက်လာသော လူလေးဦးမှာ အနည်းငယ်ဒဏ်ရာရရှိခဲ့ကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ဂျီးရီးယား အလယ်ပိုင်းတွင် ကုန်တင်ကားနှင့် ဘတ်စ်ကားတိုက်

လေဂို့စ် အောက်တိုဘာ ၈

နိုင်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်း ကိုဂီပြည်နယ်၌ ဖြစ်ပွားသော ယာဉ်မတော်တဆမှုကြောင့် အနည်းဆုံးလူငါးဦး အသက်ဆုံးရှုံးသွားရမည့် အခြေအနေရှိကြောင်း နိုင်ဂျီးရီးယားသတင်းအေဂျင်စီက အောက်တိုဘာ ၆ ရက် သတင်းတွင် ဖော်ပြခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံ၏ မြို့တော် အဘူဂျာမှ စီးပွားရေးအချက်အချာမြို့ လေဂို့စ်သို့ ဦးတည်သွားနေသော ကုန်တင်ထရပ်ကားသည် ခရီးသည်များကို စောင့်ဆိုင်းနေသော ဘတ်စ်ကားငယ်တစ်စီးကို ဝင်တိုက်ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့သူများက ပြောကြားကြသည်။

အဝေးပြေးလမ်းမပေါ်ရှိ အမျိုးသမီးတစ်ဦးကို ယာဉ်မောင်းက တိမ်းရှောင်ရာမှာ ယာဉ်တိုက်မှု ဖြစ်ပွားရခြင်းဖြစ်သည်ဟု အဖြစ်အပျက်ကို တွေ့မြင်လိုက်ရသူများက ဆိုသည်။ ထရပ်ကားသည် ယာဉ်လမ်းကြောင်းလွဲသွားပြီး ရပ်ထားသော ဘတ်စ်ကားငယ်ကို ဝင်တိုက်မိခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်အာရှတွင် လှုပ်သော မြေငလျင်ကြောင့် အောက်တိုဘာ ၉ ရက်အထိ သေဆုံးသူ ၁၉၄၀၀ ရှိ

အစ္စလမ္မာဘတ် အောက်တိုဘာ ၉

တောင်အာရှဒေသတွင် အောက်တိုဘာ ၈ ရက်က လှုပ်ခဲ့သောအင်အားပြင်း မြေငလျင်ကြောင့် သေဆုံးရသူဦးရေမှာ အောက်တိုဘာ ၉ရက်အထိ ၁၉၄၀၀ အထိရောက်ရှိသွားပြီဖြစ်ကြောင်း၊ မြေငလျင်ကြောင့် လူပေါင်း ၄၂၀၀၀ ထိခိုက်ဒဏ်ရာရရှိကြောင်း၊ ပါကစ္စတန်တစ်နိုင်ငံ တည်းမှာပင် မြေငလျင်ကြောင့် သေဆုံးသူ ၁၈၀၀၀ထက်မနည်းရှိကြောင်း ပါကစ္စတန် ပြည်ထဲရေးဝန်ကြီး အတတ်ဘ်အာမက်ခန်းက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းဒေသတွင် စနေနေ့နံနက်ပိုင်းက ရစ်ချ်တာစကေး အင်အား ၇ ဒသမ ၆ ရှိ မြေငလျင်လှုပ်ခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများကို အစွမ်းကုန် ဆောင်ရွက်လျက်ရှိသည်။

မြေငလျင်ကြောင့် ပါကစ္စတန်နိုင်ငံပိုင် ကက်ရှ်မီးယားဒေသရှိ မြို့ကြီးတစ်မြို့ဖြစ်သော မူဇာဖရာဘတ်မြို့မှာ တစ်မြို့လုံးနီးပါး ထိခိုက်ပျက်စီးခဲ့ရပြီး ယင်းမြို့တွင် လူအမြောက်အမြား သေဆုံးခဲ့သည်။

မြေငလျင်ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကမ္ဘာ့နိုင်ငံများပါဝင်ကူညီကြပါရန် ပါကစ္စတန်သမ္မတ ပါဗက်ဇ် မူရှာရက်ဖ်က ပန်ကြားထားသည်။ ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းရှိ ဝေးလံသီခေါင်သော ဒေသများတွင် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကုန်တင်ရဟတ်ယာဉ်ကြီးများ အကူအညီရရှိရန်လိုအပ်ကြောင်း၊ ရွက်ဖျင်တဲများ၊ စောင်များနှင့် ဆေးဝါးများကို မြေငလျင်ဘေးဒုက္ခသည်များထံ ပေးပို့ရန် လိုအပ်ကြောင်း မူရှာရက်ဖ်က ပြောကြားသည်။

အိန္ဒိယအုပ်ချုပ်သော ကက်ရှ်မီးယားဒေသရှိ မြို့ငယ်တစ်မြို့ဖြစ်သော ကာနားမြို့မှာ မြေငလျင်ကြောင့် ၂၅၈ ဦးထက်မနည်း သေဆုံးခဲ့ရပြီး လူပေါင်း ၁၀၀၁ဒဏ်ရာရရှိကြောင်း၊ အိန္ဒိယနိုင်ငံပိုင် ကက်ရှ်မီးယားဒေသတွင် မြေငလျင်ကြောင့် သေဆုံးသူဦးရေမှာ ၅၅၈ ဦးရှိပြီဖြစ်ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အင်တာနက်။**

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့တွင် မြေငလျင်လှုပ်မှုကြောင့် ပြိုကျသွားသော တိုက်ခန်းတွဲ နေအိမ် အဆောက်အအုံ တစ်ခုတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို အောက်တိုဘာ ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာသတင်းများ

အာဖဂန်၌ ကန်တပ်ဖွဲ့ မှားယွင်းပစ်ခတ်မှုဖြစ်ပွား ရဲတပ်ဖွဲ့ဝင် လေးဦး ထိမှန် သေဆုံး

ကဘူး အောက်တိုဘာ ၈

အမေရိကန်တပ်ဖွဲ့များက အာဖဂန်တွင် တိုက်ခိုက်မှုများပြုလုပ်ရာ၌ မှားယွင်း ပစ်ခတ်ခဲ့သည့်အတွက် အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့ဝင်လေးဦး ထိမှန်သေဆုံးခဲ့သည့် ဖြစ်ရပ် ပေါ်ပေါက်ခဲ့ရကြောင်း အောက်တိုဘာ ၇ ရက်တွင် သက်ဆိုင်ရာ အရာရှိများက ပြောကြားသည်။

အမေရိကန်နှင့် ဒေသခံလက်နက်ကိုင်များ တိုက်ပွဲဖြစ်ပွားရာနေရာအနီးသို့ လက်နက်ကိုင်ငါးဦးအား တင်ဆောင်လာသော ကားတစ်စီး ချဉ်းကပ်လာသည်ကို ကန်တပ်ဖွဲ့များက တွေ့ရှိရသဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ကန်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဂျယ်ရီအိုဟာရာက ပြောကြားသည်။ မတော်တဆ မှားယွင်းပစ်ခတ်မှုဖြစ်ပွားရာအရပ်မှာ အာဖဂန်နိုင်ငံ ဟယ်လ်မန်း ပြည်နယ် ဂရုစ်စ်ခရိုင်တွင်ဖြစ်ကြောင်း သိရသည်။

မောင်းပြေး

အာဖဂန်ရဲတပ်ဖွဲ့ဝင်များသည် အမျိုးသားရဲတပ်ဖွဲ့ဝင် ဝတ်စုံများ ဝတ်ဆင် လာခြင်းမရှိသည့်အပြင် မော်တော်ယာဉ်ကိုလည်း လျင်မြန်စွာ မောင်းပြေးခဲ့သည်ဟု ဆိုသည်။

အပေါင်းပါတပ်ဖွဲ့များက ထိုယာဉ်ကို ပစ်ခတ်ခဲ့ရာတွင် လေးဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရသွားခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်နှင့် အာဖဂန်တပ်ဖွဲ့ဝင်များ လိုက်ပါလာသော ယာဉ်တန်းကို အဆိုပါနေရာ၌ တာလီဘန်ပြောက်ကျားများက ယခု အဖြစ်အပျက်မတိုင်မီက ချုံခိုတိုက်ခိုက်ခဲ့ရာ အာဖဂန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ဂွာတီမာလာနိုင်ငံ တက်ပန်မြို့တွင် တောင်ပြိုကျမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၇ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဂါနာတွင် ကလေးငယ်အများအပြား မျက်စိကွယ်နေ မျက်စိရောဂါအများစုမှာ ကြိုတင်ကာကွယ်နိုင်

နိုင်ရိုဘီ အောက်တိုဘာ ၈

ဗိုက်တာမင်အေချို့တဲ့ခြင်း၊ ဝက်သက်နှင့် အခြားကာကွယ်နိုင်သော မျက်စိရောဂါများ ခံစားကြရခြင်းတို့ကြောင့် ဂါနာနိုင်ငံတွင် စက္ကန့်တိုင်း ကလေးများ မျက်စိအမြင်အာရုံ ဆုံးရှုံးနေရကြောင်း သိပ္ပံပညာရှင်များက အောက်တိုဘာ ၆ ရက်တွင် ပြောကြားသည်ဟု ဂါနာသတင်းဌာနက ဖော်ပြခဲ့သည်။

ဂါနာနိုင်ငံတွင် နှစ်စဉ် လူပေါင်း ၂၀၀၀၀၀ မျှ အမြင်အာရုံ ဆုံးရှုံးလျက်ရှိရာ ၈၀၀၀ မှာ ကလေးများဖြစ်သည်။ ထို့အပြင် ကလေးများ၏ ၅၀ မှ ၇၀ ရာခိုင်နှုန်းမှာလည်း ရောဂါအမျိုးမျိုးကြောင့် အသက်နှစ်နှစ် မပြည့်မီမှာပင် သေဆုံးကြရကြောင်း ဂါနာမျက်စိဆေးရုံမှ ဒေါက်တာမာရီယာဟာဂန်က ပြောကြားသည်။

ကျရောက်

ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့သည် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်သည်။ ထိုနေ့အကြိုအဖြစ် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဟာဂန်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ကလေးများ၏ မျက်စိဝေဒနာ သက်သာရာ သက်သာကြောင်းအတွက် လူအများသည် အမျိုးအမည်မသိ ဆေးဝါးမျိုးစုံကို မဆင်မခြင် သုံးစွဲနေကြသည့်အတွက် လူမမည်များ မျက်စိကွယ်နေ ရသည်မှာ ဝမ်းနည်းစရာပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘာပေါ်တွင် ခန့်မှန်းခြေအားဖြင့် မျက်မမြင်ပေါင်း သန်း ၅၀ ရှိသည့် အနက် ၁ ဒသမ ၅ သန်းမှာ ကလေးများ ဖြစ်သည်။ ထိုအခြေအနေသည် အရေးကြီးသော အခြေအနေဖြစ်ကြောင်းကို အစိုးရတိုင်းက သိမြင်ပြီး အလေးထား ဆောင်ရွက်သင့်သည်ဟု ဆိုသည်။

နေထိုင်

ကမ္ဘာ့မျက်မမြင်များအနက် ၇၅ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြသူများဖြစ်သည်။ မျက်စိကွယ်ရသော အကြောင်းရင်းများမှာ ဆင်းရဲမွဲတေခြင်း၊ မသိနားမလည်ခြင်းနှင့် ဗဟုသုတ နည်းပါးခြင်းတို့ဖြစ်သည်ဟု သူမက ဆိုသည်။ မျက်စိရောဂါအများစုမှာ ကုသကာကွယ်နိုင်ပါလျက် အထက်ပါအကြောင်းများကြောင့် မျက်စိကွယ်ကြရခြင်းဖြစ်ကြောင်း သိရသည်။

ကျောင်းဆရာ၊ ဆရာမများ၊ မိဘများသည် ကလေးများ၏ အခြေအနေကို လေ့လာစောင့်ကြည့်ကြပြီး မျက်စိဝေဒနာရှိကြောင်း တွေ့ရှိရလျှင် စောစီးစွာ ကာကွယ်ကုသမှုခံယူခြင်း၊ အကြံဉာဏ် ရယူခြင်းများ ပြုလုပ်သင့်သည်ဟု ဟာဂန်က ဆိုသည်။ ကိုယ်ဝန်လွယ်ထားသော မိခင်များအနေဖြင့်လည်း အာဟာရပြည့်ဝအောင် မှန်ကန်စွာ စားသုံးခြင်းဖြင့် ကလေးကောင်းမွန်စွာ ဖွံ့ဖြိုးစေရန် ဂရုပြုသင့်ကြောင်း ၎င်းက တိုက်တွန်းသွားသည်။

ဂရုပြု

ထို့အပြင် ကလေးကို ပထမ ခြောက်လအထိ မိခင်နို့ရည် ကောင်းစွာတိုက်ကျွေးခြင်း၊ ကလေး၏ ကျန်းမာရေးနှင့် သန့်ရှင်းရေးကို မှန်ကန်စွာ ပြုစုစောင့်ရှောက်ခြင်းများ ပြုလုပ်ရန် ဂရုပြုရမည်ဖြစ်သည်ဟု ဆရာဝန်ဟာဂန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယားနိုင်ငံတွင် အဆောက်အအုံပြိုကျ လုပ်သားကိုးဦး သေဆုံး

ဆိုးလ် အောက်တိုဘာ ၈

တောင်ကိုရီးယားနိုင်ငံတွင် ဆောက်လက်စ သုံးထပ်အဆောက်အအုံတစ်ခု ပြိုကျရာ ဆောက်လုပ်ရေးလုပ်သား ငါးဦးသေဆုံးသွားပြီး ငါးဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့ဝင်များက အောက်တိုဘာ ၇ ရက်တွင် ပြောကြားသည်။

ဆောက်လုပ်ရေးလုပ်သား ရှစ်ဦးမှာ အခင်းဖြစ်ပွားရာနေရာ၌ပင် ပွဲချင်းပြီး သေဆုံးသွားပြီး အခြားတစ်ဦးမှာ ဆေးရုံရောက်မှ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထိုမတော်တဆမှုမှာ ဆိုးလ်မြို့တော်၏ အနောက်တောင်ဘက် ၄၃ မိုင်အကွာရှိ အင်ချောင်မြို့တွင် အောက်တိုဘာ ၆ ရက်က ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြက်ငှက်တုပ်ကွေးရောဂါ တိုက်ဖျက်ရေး အာရှ–ပစိဖိတ် ဆွေးနွေးပွဲတစ်ရပ် ကျင်းပမည်

ကင်ဘာရာ အောက်တိုဘာ ၈

အာရှ–ပစိဖိတ်ဒေသဆိုင်ရာ ကြက်ငှက်တုပ်ကွေး ဆွေးနွေးပွဲတစ်ရပ်ကို အောက်တိုဘာလကုန်၌ ဩစတြေးလျနိုင်ငံတွင် ကျင်းပမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး အလက်ဇန်းဒါးဒေါင်နာက အောက်တိုဘာ ၅ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို ဩစတြေးလျနိုင်ငံ မြောက်ပိုင်း၌ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၁ ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်သည်။ ထိုဆွေးနွေးပွဲသို့ အာရှ–ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အေပက်)၏ အဖွဲ့ဝင် ၂၁နိုင်ငံမှ ကူးစက်မှုနှင့် ဘေးအန္တရာယ် ညှိနှိုင်းပေးသူများ တက်ရောက်ကြမည်ဖြစ်သည်။

ပစိဖိတ်ကျွန်း၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ လေ့လာသူများကိုလည်း ဆွေးနွေးပွဲသို့ တက်ရောက်ရန် ဖိတ်ကြားထားသည်ဟု ၎င်းက ပြောကြားသည်။

ဆွေးနွေးပွဲ၏ အဓိကဦးတည်ချက်သည် မည်သည့် ကြက်ငှက်တုပ်ကွေး မဆို ဖြစ်ပွားပါက ဒေသဆိုင်ရာ ပူးပေါင်း၍ လျင်မြန်စွာ တိုက်ထုတ်ရန်ဖြစ်သည်ဟု ဒေါင်နာက ဆိုသည်။

အိပ်ချ်–၅ အင်န်–၁ ကြက်ငှက် ဗိုင်းရပ်စ်ပိုးတစ်မျိုးကြောင့် အာရှနိုင်ငံလေးနိုင်ငံတွင် ၂၀၀၃ ခုနှစ် နှောင်းပိုင်းကစ၍ သေဆုံးသူ ၆၀ ကျော်ရှိပြီဖြစ်သည်။ ရုရှားနှင့် ဥရောပနိုင်ငံတို့တွင် ငှက်များ၌ အဆိုပါ ဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့သည်ဟု သိရှိရသည်။

အမ်အင်အေ၊ရိုက်တာ။

ကက်ရှ်မီးယားတွင် မြေငလျင်ကြောင့် လူ ၃၀၀၀၀ အထိ သေဆုံးနိုင်

အစ္စလမ္မာဘတ် အောက်တိုဘာ ၉

ပါကစ္စတန်နိုင်ငံ အုပ်ချုပ်သော ကက်ရှ်မီးယားဒေသတွင် အင်အားပြင်း မြေငလျင်လှုပ်မှုကြောင့် လူပေါင်း ၃၀၀၀၀ ခန့်အထိ သေဆုံးနိုင်ကြောင်း ဒေသန္တရအစိုးရအဖွဲ့မှ ပြည်သူ့ဆောက်လုပ်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီး တာရစ်ဖာရောက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ပါကစ္စတန်အုပ်ချုပ်သော ကက်ရှ်မီးယားဒေသရှိ မြို့ကြီးများနှင့် မြို့ငယ်များတွင် မြို့လုံးကျွတ် ပျက်စီးမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ မြေငလျင် ဗဟိုပြုရာဒေသနှင့် မဝေးကွာသော မူဇာဖရာဘတ်မြို့မှာ မြေငလျင်ဘေးဒဏ်ကို အဆိုးရွားဆုံး တွေ့ကြုံရသည့် မြို့ကြီးတစ်မြို့ဖြစ်ကြောင်း၊ ယင်းမြို့တွင် မြေငလျင်ကြောင့် လူပေါင်း ၃၀၀၀ ခန့် သေဆုံးရကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် အောင်မြင်လျက်ရှိသည့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များ

ကြည်သိန်းဦး

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေးဆောင်ရွက်ချက်ကို တစ်ဖက်စောင်းနင်း ပုတ်ခတ်ပြစ်တင်သည့် အစီရင်ခံစာကို အမေရိကန်နိုင်ငံ သမ္မတက ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်းသိရသည်။ ၂၀၀၆ ခုနှစ်အတွက် အမေရိကန်အစိုးရ၏ မူးယစ်ဆေးဝါးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာတွင် တရားမဝင် မူးယစ်ဆေးဝါး အဓိကထုတ်လုပ်သော၊ အဓိကဖြတ်သန်းသယ်ဆောင်သော နိုင်ငံများအဖြစ် နိုင်ငံ ၂၀ ၏ အမည်စာရင်းကို ထုတ်ပြန်ခဲ့သည်။ အဆိုပါနိုင်ငံ ၂၀ တွင် အာဖဂန်နစ္စတန်၊ ဘဟားမား၊ ဘိုလီးဗီးယား၊ ဘရာဇီး၊ ကိုလံဘီယာ၊ ဒိုမီနီကန် သမ္မတနိုင်ငံ၊ အီကွေဒေါ၊ ဂွာတီမာလာ၊ ဟေတီ၊ အိန္ဒိယ၊ ဂျမေကာ၊ လာအို၊ မက္ကဆီကို၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်၊ ပနားမား၊ ပါရာဂွေး၊ ပီရူး၊ ဗင်နီဇွဲလားနိုင်ငံတို့နှင့် အတူ မြန်မာနိုင်ငံကို ထည့်သွင်းခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဘိန်းထုတ်လုပ်မှု ဒုတိယအများဆုံးနိုင်ငံအဖြစ် ဆက်လက်တည်ရှိနေကြောင်း၊ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရောင်းဝယ်မှု အများဆုံးနိုင်ငံများစာရင်းတွင် ပါဝင်ဆဲဖြစ်ကြောင်း ထည့်သွင်းဖော်ပြထားသည်။ ၎င်းအပြင် “ဝ”တိုင်းရင်းသားအဖွဲ့အစည်း (UWSA)၏ မူးယစ်ဆေးဝါး ထုတ်လုပ်နေမှုကို တားဆီးရန် ပျက်ကွက်ကြောင်း၊ ဓာတုပစ္စည်း (Precursor) ၂၅မျိုးအား တင်သွင်း၊ ရောင်းဝယ်အသုံးပြုခြင်းကို ပိတ်ပင်တားဆီးထားသော်လည်း ဖမ်းဆီးရမိမှုမှာ အားရဖွယ်မရှိသေးကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံ အစိုးရသည် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါသည်။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့အဆင့်ဆင့်ကို ဗဟို၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်အဆင့်အထိ အဆင့်ဆင့်ဖွဲ့စည်းကာ အလေးထားကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့် ဆက်စပ်အကောင်အထည်ဖော်နိုင်ရေးအတွက် မူးယစ်ဆေးဝါးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းများဖြစ်သော ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်း (UN Single Convention on Narcotic Drugs,1961)၊ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာကွန်ဗင်းရှင်း (UN Convention on Psychotropic Substances 1971)၊ ၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (UN Convention Against Illicit Trafficking in Narcotic Drugs and Psychotropic Substances,1988)တို့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ် ရေးထိုးပြီးဖြစ်သည်။

ထို့အပြင် ၁၉၇၄ ခုနှစ်က ပြဋ္ဌာန်းထားသော မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို ၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါး ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည့်စုံစွာဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ၎င်းအပြင် ၂၀၀၂ ခုနှစ် ဇွန်လ ၁ ရက်တွင် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေများအရ မူးယစ်ဆေးဝါးအမှုမှ တရားခံများကို အရေးယူဆောင်ရွက်သည့်အပြင် မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်မှုကြောင့် ရရှိထားသော အကျိုးအမြတ် ပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းကာ အရင်းအမြစ်မှ ရိုက်ချိုးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် အစိုးရသည် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ မဟာဗျူဟာနှစ်ရပ်အဖြစ် **“မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး”**နှင့် **“နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေး”** ကိုလည်းကောင်း၊ နည်းဗျူဟာသုံးရပ်အဖြစ် **“ထုတ်လုပ်မှုပပျောက်ရေး”**၊ **“သုံးစွဲမှုပပျောက်ရေး”** နှင့် **“တားဆီးနှိမ်နင်းရေး”** ကိုလည်းကောင်း၊ နည်းနာနိဿယ သုံးရပ်အဖြစ်**“မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်သုံးစွဲသူများ၏ ယုံကြည်ချက်၊ ခံယူချက်နှင့် စိတ်ဓာတ်မြင့်မားတိုးတက်ပြောင်းလဲရေး”**၊ **“တောင်ပေါ်မြေပြန့် တိုင်းရင်းသားအချင်းချင်း လွယ်ကူစွာ ကူးလူးဆက်ဆံရေး”**နှင့်**“နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူနေမှုဘဝ တိုးတက်မြင့်မားရေး”**ကိုလည်းကောင်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက ချမှတ်ထားသော မဟာဗျူဟာ၊ နည်းဗျူဟာ၊ နည်းနာနိဿယများနှင့်အညီ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ပြည့်နှစ်မှ စတင်ကာ ငါးနှစ်စီမံကိန်းများဖြင့် သုံးပိုင်းခွဲခြားဆောင်ရွက်ခဲ့သည်။ (၁၅)နှစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူလလုပ်ငန်းတာဝန်များအပြင် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဟူသည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

(၁၅)နှစ်စီမံကိန်း၏ ပထမ ငါးနှစ်စီမံကိန်းသည် ၂၀၀၁-၂၀၀၄ တွင် ပြီးဆုံးခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုကျဆင်းကြောင်းကို ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး (United Nations Office on Drugs and Crime-UNODC)က ထုတ်ပြန်သော World Drug Report တွင် ဖော်ပြထားသည်။ အဆိုပါ အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ ၂၀၀၄ ခုနှစ် ဘိန်းထွက်ရှိမှုသည် လွန်ခဲ့သော ရှစ်နှစ်ဖြစ်သည့် ၁၉၉၆ ခုနှစ်က ထွက်ရှိမှုထက် ၇၃ ရာခိုင်နှုန်းကျဆင်းသွားကြောင်း အတိအလင်းထုတ်ပြန်ခဲ့သည်။ ထို့အတူ အမေရိကန်ပြည်ထောင်စု၏ ၂၀၀၅ ခုနှစ် US Government Drug Strategy Reportအရ မြန်မာနိုင်ငံ၏ ၂၀၀၄ ခုနှစ် ဘိန်း အထွက်နှုန်းသည် ၂၀၀၃ ခုနှစ်ကထက် ဘိန်းစိုက်ပျိုးမှု ၃၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း လွန်ခဲ့သော ရှစ်နှစ်ဖြစ်သည့် ၁၉၉၆ ခုနှစ်က ဘိန်းမက်ထရစ်တန် ၂၅၆၀ ထုတ်လုပ်ရာမှ ၂၀၀၄ ခုနှစ်တွင် ၂၉၄ မက်ထရစ်တန်သာ ထုတ်လုပ်သဖြင့် ၈၈ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သုံးသပ်ခဲ့သည်။ အဆိုပါအချက်များသည် ၁၅ နှစ်စီမံကိန်း၏ ပထမ ငါးနှစ်စီမံကိန်းကို ရည်မှန်းချက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ကြောင်း အထောက်အထားများပင်ဖြစ်သည်။

ယခုအခါ ဒုတိယ ငါးနှစ်စီမံကိန်း၏ ပထမနှစ်အဖြစ် ဆောင်ရွက်လျက်ရှိရာတွင်လည်း ရည်မှန်းချက်များအောင်မြင်ရေး အစဉ်တစိုက် မျက်ခြည်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ဘိန်းစိုက်ပျိုးမှု ကျဆင်းရေးအတွက် ဘိန်းစိုက်တောင်သူများအား ပညာပေးဆွေးနွေးခြင်း၊ အစားထိုးသီးနှံစိုက်ပျိုးစေခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် တရားမဝင် စိုက်ပျိုးခြင်းမှ ထွက်ရှိလာသော ဘိန်းကိုလည်း အရှိန်အဟုန်မြင့် ဖမ်းဆီးလျက်ရှိသည်။ ဘိန်းဖမ်းဆီးရမိမှုတွင် ၁၉၉၉ ခုနှစ်၌ ၁၄၇၃ ဒသမ ၀၃ ကီလို၊ ၂၀၀၀ ပြည့်နှစ်တွင် ၁၅၂၈ ဒသမ ၃၉ ကီလို၊ ၂၀၀၁ ခုနှစ်တွင် ၁၆၂၉ ဒသမ ၀၇ ကီလို၊ ၂၀၀၂ ခုနှစ်တွင် ၁၈၆၃ ဒသမ ၂၇ ကီလို၊ ၂၀၀၃ ခုနှစ်တွင် ၁၄၈၁ ဒသမ ၇ ကီလို၊ ၂၀၀၄ ခုနှစ်တွင် ၆၀၆ ဒသမ ၈၉ ကီလို ဖမ်းဆီးရမိခဲ့သည်။ ဘိန်းဖမ်းဆီးရမိသည့် ပမာဏကိုကြည့်လျှင် စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းသွားသော်လည်း ထုတ်လုပ်သည့် ဘိန်း၊ လက်ကျန်ဘိန်းများကို တိုးတက်ဖမ်းဆီးနိုင်ကြောင်း တွေ့မြင်ရမည်ဖြစ်သည်။ ထို့အပြင် ယခုနှစ် ၂၀၀၅ ခုနှစ် ဩဂုတ်လကုန်အထိ ဘိန်းဖမ်းဆီးရမိမှုမှာ ၆၁၅ ဒသမ ၆ ကီလိုဖြစ်သည့်အတွက် ၂၀၀၄ ခုနှစ်က ဖမ်းဆီးရမိသည့် ပမာဏထက် ကျော်လွန်နေသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေးလုပ်ငန်းသည် ထုတ်လုပ်မှုလျှော့ချရေး၊ သုံးစွဲမှုပပျောက်ရေးတို့ကို အထောက်အကူပြုသော တားဆီးနှိမ်နင်းရေးပင်ဖြစ်ကြောင်း တွေ့ရှိရသည်။

ဘိန်းဖြူဖမ်းဆီးရမိမှုတွင်လည်း ၁၉၉၉ ခုနှစ်တွင် ၂၄၅ ဒသမ ၃၅ ကီလို၊ ၂၀၀၀ ပြည့်နှစ်တွင် ၁၅၈ ဒသမ ၉ ကီလို၊ ၂၀၀၁ ခုနှစ်တွင် ၉၆ ဒသမ ၇ ကီလို၊ ၂၀၀၂ ခုနှစ်တွင် ၃၃၃ ဒသမ ၈ ကီလို၊ ၂၀၀၃ ခုနှစ်တွင် ၅၆၈ ဒသမ ၀၈ ကီလို၊ ၂၀၀၄ ခုနှစ်တွင် ၉၇၃ ဒသမ ၅ ကီလို ဖမ်းဆီးရမိခဲ့သည်။ မြန်မာနိုင်ငံတွင် ဘိန်းထုတ်လုပ်မှု ကျဆင်းသွားသော်လည်း ဘိန်းဖြူကို အရှိန်အဟုန်မြင့် ဖမ်းဆီးနိုင်ခဲ့ကြောင်း တွေ့မြင်ရမည်ဖြစ်သည်။ ထို့အပြင် ၂၀၀၅ ခုနှစ် ဩဂုတ်လအထိ ဘိန်းဖြူဖမ်းဆီးရမိမှုသည် ၂၅၈ ဒသမ ၁ ကီလိုဖြစ်သည့်အတွက် ယခုနှစ်တွင်လည်း တားဆီးနှိမ်နင်းရေးကဏ္ဍ၏ အရှိန်အဟုန်သည် ကျဆင်းခြင်းမရှိကြောင်း တွေ့မြင်ရမည်ဖြစ်သည်။

ဘိန်းစိုက်ပျိုးမှုမှ ထွက်ရှိလာသော ဘိန်းစိမ်းကို ဓာတုပစ္စည်း (Precursor)နှင့် ပေါင်းစပ်ချက်လုပ်မှသာလျှင် ဘိန်းဖြူရရှိမည်ဖြစ်သည်။ ဘိန်းစိမ်းမှ ဘိန်းဖြူချက်လုပ်ရာတွင် လိုအပ်သော ဓာတုပစ္စည်းများကို မြန်မာနိုင်ငံမှ ထုတ်လုပ်နိုင်ခြင်းမရှိပါ။ စက်မှုထွန်းကားသော နိုင်ငံများကသာ ထုတ်လုပ်နိုင်သဖြင့် ၎င်းနိုင်ငံများမှ တရားမဝင် သယ်ဆောင်ကြခြင်း ဖြစ်သည်။ မက်သာဖက်တမင်း စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင်မူ ကုန်ကြမ်းအဖြစ် ဓာတုပစ္စည်းများသာလျှင် လိုအပ်ပါသည်။ အဆိုပါ ဓာတုပစ္စည်းများကိုလည်း ပြည်ပနိုင်ငံများမှ တရားမဝင် သယ်ဆောင်ကြပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေး ဆောင်ရွက်ရာတွင် ဘိန်းထုတ်လုပ်မှု ကျဆင်းရေးသာမက ဓာတုပစ္စည်းများ တရားမဝင်တင်သွင်းမှုကို တားဆီးနှိမ်နင်းရေး ဆောင်ရွက်ခြင်းသည်လည်း အရေးကြီးသော လုပ်ငန်းဖြစ်သည်။

စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အဓိကလိုအပ်သော အက်ဖီဒရင်းဖမ်းဆီးရမိမှုမှာ ၁၉၉၉ ခုနှစ်တွင် ၆၄၈၅ ဒသမ ၁၆ ကီလို၊ ၂၀၀၀ပြည့်နှစ်တွင် ၂၆၇၀ ဒသမ ၃၁ ကီလို၊ ၂၀၀၁ ခုနှစ်တွင် ၃၉၂၂ ဒသမ ၁၇ ကီလို၊ ၂၀၀၂ ခုနှစ်တွင် ၁၇၂၃ ဒသမ ၅၅ ကီလို၊ ၂၀၀၃ ခုနှစ်တွင် ၃၀၇ဒသမ ၉၄ ကီလို၊ ၂၀၀၄ ခုနှစ်တွင် ၁၈၂ ဒသမ ၆၅ ကီလို ဖမ်းဆီးရမိခဲ့ပါသည်။ ၂၀၀၅ ခုနှစ် ဩဂုတ်လအထိ ၁၁၂ ဒသမ ၀၉ ကီလိုဖမ်းဆီးရမိပြီးဖြစ်သည်။ ထို့အတူ ဘိန်းဖြူချက်လုပ်ရာတွင် အဓိကလိုအပ်သော ဓာတုဆေးရည် ဖမ်းဆီးရမိမှုမှာ ၁၉၉၉ ခုနှစ်တွင် ၅၈၆၃၈ လီတာ၊ ၂၀၀၀ပြည့်နှစ်တွင် ၁၀၀၀၅၂ ဒသမ ၅၉ လီတာ၊ ၂၀၀၁ ခုနှစ်တွင်၁၈၆၅၀၉ ဒသမ ၆ လီတာ၊ ၂၀၀၂ ခုနှစ်တွင် ၂၉၃၉၂ ဒသမ ၉၇ လီတာ၊ ၂၀၀၃ ခုနှစ်တွင် ၃၉၄၆၆ ဒသမ ၀၈ လီတာ၊ ၂၀၀၄ ခုနှစ်တွင် ၁၇၉၉၇ ဒသမ ၄၇လီတာ ဖမ်းဆီးရမိခဲ့သည်။ ၂၀၀၅ခုနှစ် ဩဂုတ်လအထိ ၁၁၁၉၆ ဒသမ ၄ လီတာ ဖမ်းဆီးရမိခဲ့သည်။

ဓာတုပစ္စည်းများဖြင့်သာ ချက်လုပ်ရသော စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိမှုမှာ ၁၉၉၉ ခုနှစ်တွင် ၂၈ ဒသမ ၈၉ သန်း၊ ၂၀၀၀ ပြည့်နှစ်တွင် ၂၆ ဒသမ ၇၆သန်း၊ ၂၀၀၁ ခုနှစ်တွင် ၃၂ ဒသမ ၄၃ သန်း၊ ၂၀၀၂ခုနှစ်တွင် ၉ ဒသမ ၄သန်း၊ ၂၀၀၃ ခုနှစ်တွင် လေး သန်း၊ ၂၀၀၄ ခုနှစ်တွင် ၈ ဒသမ ၃ သန်း ဖမ်းဆီးရမိခဲ့ပြီး ၂၀၀၅ ခုနှစ် ဩဂုတ်လအထိ ၁ ဒသမ ၃ သန်း ဖမ်းဆီးရမိခဲ့ပြီးဖြစ်သည်။ ၁၉၉၉ ခုနှစ်မှ ၂၀၀၅ ခုနှစ် ဩဂုတ်လ အထိ ဖမ်းဆီးရမိသော စိတ်ကြွရူးသွပ်ဆေးပြား အရေအတွက် အက်ဖီဒရင်း ပမာဏ၊ ဓာတုဆေးရည်ပမာဏ တို့ကိုကြည့်လျှင် တားဆီးနှိမ်နင်းရေးကဏ္ဍတွင် စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာ၌ လိုအပ်သော ဓာတုပစ္စည်းများဖမ်းဆီးမှုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးမှုတို့အား ထိန်းချုပ် ဆောင်ရွက်နိုင်ကြောင်း တွေ့မြင်ရမည်ဖြစ်သည်။

မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် လိုအပ်သော ဓာတုဗေဒပစ္စည်းများ ပြည်ပမှ ဝင်ရောက်မှုမရှိစေရေးအတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံ နယ်စပ်တစ်လျှောက် သက်ဆိုင်သောနိုင်ငံများမှ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့များနှင့် အပြန်အလှန်ဆက်ဆံကာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ သက်ဆိုင်ရာနိုင်ငံများနှင့် သတင်းဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အရှိန်အဟုန်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➡

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး ပပျောက်ရေးကို ၁၅နှစ်စီမံကိန်း ချမှတ်ကာ အပိုင်းလိုက်၊ နှစ်အလိုက် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ (၁၅)နှစ်စီမံကိန်း၏ ရည်ရွယ်ချက် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိပါ သည်။ အိမ်နီးချင်းနိုင်ငံ၊ အာဆီယံနိုင်ငံ၊ မိတ်ဆွေကောင်းနိုင်ငံများနှင့် ပူးပေါင်းကာ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းကို အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များအပေါ် မည်သို့ပင် အထင်အမြင်လွဲမှား ပုတ်ခတ်ပြောဆို ဝေဖန်နေစေကာမူ ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားမည်သာဖြစ်ပါသည်။

ငမိုးရိပ် ရေပေးဝေရေးစီမံကိန်း ပထမအဆင့် ၂၀၀၅ ခုနှစ်အတွင်း ပြီးစီးရန် ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးတင်စိုးလိုက်ပါလျက် ယနေ့နံနက်က ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အထယုကျေးရွာအနီးရှိ ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)သို့ ရောက်ရှိရာ ကော်မတီဝင် ဦးကျော်စိုး၊ ရာဖြတ်ဌာန–ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်း၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူး ဦးဇော်ဝင်း၊ အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု) ဌာနမှူး ဦးသောင်းရင်၊ ဗဟိုပစ္စည်းထိန်းဌာန–ဌာနမှူး ဦးဇော်ဌေး၊ ဒုတိယဌာနမှူး ဦးစိန်ဝင်း၊ စီမံကိန်းမန်နေဂျာ လက်ထောက်ဌာနမှူး ဦးကံမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် စီမံကိန်းဝင်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ရေတွန်းစက်ရုံ ပြီးစီးနေမှုအခြေအနေကို လျှပ်စစ်ပိုင်းဆိုင်ရာတာဝန်ခံ လက်ထောက်ဌာနမှူး ဦးဝင်းအောင်က ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန်သည် အကြိုအနယ်ထိုင်ကန်၊ အနယ်ထိုင်ကန်၊ သဲရေစစ်ကန် တည်ဆောက်ပြီးစီးနေမှုအခြေအနေများကို ဆက်လက်စစ်ဆေးသည်။

မြို့တော်ဝန်သည် စီမံကိန်းဝင်းအတွင်း ကြည့်ရှုစစ်ဆေးပြီးနောက် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ ယခုဆောင်ရွက်နေသော ပထမအဆင့် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)ကို ၂၀၀၅ ခုနှစ်အတွင်း ပြီးစီးရန်နှင့် လုပ်ငန်းအဆင့်ဆင့်ကို ရေရှည်တည်တံ့ခိုင်မြဲနေစေရန် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ကွပ်ကဲရန် မှာကြားသွားသည်။ (၁၉)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ဝင်းအတွင်း ရေတွန်းစက်ရုံရှိ ရေတွန်းကန်အား ဒဏ်ခံလေလှောင်အိုးများ ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

➥ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်မှုကို တစ်နိုင်ငံတည်း သီးခြားဆောင်ရွက်ခြင်းမဟုတ်ဘဲ အာဆီယံအဖွဲ့ဝင်နိုင်ငံ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံ၏ မူးယစ်ဆေးဝါးဆိုင်ရာ အထူးအစည်းအဝေးများ၏ ဆုံးဖြတ်ချက်နှင့်အညီ မူးယစ်ဆေးဝါးထိန်းချုပ်ရေး နည်းလမ်းများကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ဒေသခွဲဆိုင်ရာ အဆင့်များတွင် ထိရောက်စွာ ဆောင်ရွက်နိုင်ရန် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာကို တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့နှင့် လက်မှတ်ရေးထိုး၍ UNODC ၏ ပူးပေါင်းပါဝင်မှုဖြင့် ၁၉၉၃ ခုနှစ်မှ စတင်ကာဆောင်ရွက်ခဲ့သည်။ အာဆီယံနိုင်ငံများ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အဆင့်မြင့်အရာရှိအစည်းအဝေးကို ၁၉၈၇ ခုနှစ်တွင် ကျင်းပသည့် အကြိမ်(၂၀)မြောက် အစည်းအဝေးမှစတင်ကာ နှစ်စဉ် တက်ရောက်ခဲ့ပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အာဆီယံနိုင်ငံအချင်းချင်း မူးယစ်ဆေးဝါးပူးပေါင်းဆောင်ရွက်မှုကို အာဆီယံအဖွဲ့ဝင်နိုင်ငံများသာမက တရုတ်နိုင်ငံပါ ပူးပေါင်းပါဝင်သော အာဆီယံနှင့်တရုတ် မူးယစ်ဆေးဝါး ထိန်းချုပ်ရေး (ASEAN and China Cooperative Operations in Response to Dangerous Drug-ACCORD)ကို ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလမှ စတင်ကာ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မြန်မာနိုင်ငံသည် နှစ်နိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ၁၉၉၄ ခုနှစ် မတ်လ ၃၀ ရက်တွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်တွင် လည်းကောင်း၊ ဗီယက်နမ်နိုင်ငံနှင့် ၁၉၉၅ ခုနှစ် မတ်လ ၁၂ ရက်တွင် လည်းကောင်း၊ ရုရှားနိုင်ငံနှင့် ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်တွင်လည်းကောင်း၊ လာအိုနိုင်ငံနှင့် ၁၉၉၇ ခုနှစ် မတ်လ ၂၉ ရက်တွင် လည်းကောင်း၊ ဖိလစ်ပိုင် နိုင်ငံနှင့် ၁၉၉၇ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင် လည်းကောင်း၊ တရုတ်နိုင်ငံနှင့် ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်တွင် လည်းကောင်း၊ ထိုင်းနိုင်ငံနှင့် ၂၀၀၁ ခုနှစ် ဇွန်လ ၂၀ ရက်တွင်လည်းကောင်း နှစ်နိုင်ငံ သဘောတူစာချုပ်များကိုလည်း လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကြောင့် အထူးအောင်မြင်ခဲ့သည့် ဖြစ်စဉ်များရှိခဲ့သည်။ မွန်ပြည်နယ် ရေးမြို့နယ်တွင် ပြည်ပသို့တင်ပို့မည့် ဘိန်းဖြူ ၅၉၂ ဒသမ ၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၊ ၉ မမ ပစ္စတိုသေနတ် တစ်လက်နှင့် ခဲယမ်းအချို့ ဖော်ထုတ်ဖမ်းဆီးရမိသော အမှုမှ အဓိက တရားခံတစ်ဦးကို ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB)နှင့် မြန်မာနိုင်ငံအခြေစိုက် (DEA)အဖွဲ့တို့၏ အကူအညီဖြင့် ဖမ်းဆီးရမိခြင်း၊ အခြားအဓိက တရားခံသုံးဦးကို တရုတ်နိုင်ငံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့က ဖမ်းဆီးလွှဲပြောင်း ပေးခြင်းများ ရှိခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ ပူးပေါင်းသတင်းဖလှယ်ညှိနှိုင်းချက်အရ ၂၀၀၅ ခုနှစ် မေလအတွင်းက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်တွင် မူးယစ်ဆေးဝါး (ICE)အလေးချိန် ၁၀၂ ဒသမ ၅ ကီလို ဖမ်းဆီးရမိခဲ့သည်။ ၂၀၀၅ ခုနှစ် မေလအတွင်းမှာပင် မြန်မာနိုင်ငံအခြေစိုက် (DEA)၏ သတင်းပေးပို့ချက်အရ ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်တွင် တရုတ်(တိုင်ပေ)မှ လူတစ်ဦးအပ်နှံထားခဲ့သော ထရမ်စဖော်မာသုံးလုံးအတွင်းမှ ဘိန်းဖြူ ၄ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့သည်။

ထိုသို့သော ပူးပေါင်းဆောင်ရွက်မှုများကို မျက်ကွယ်ပြုကာ ပူးပေါင်းဆောင်ရွက်နေသည့် နိုင်ငံအချင်းချင်း စိတ်သဘောထားချင်း ကွဲလွဲစေရန် ယခင်နှစ်က စာရင်းတွင်ပါသော တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံကို ယခုနှစ်စာရင်းတွင် ဖယ်ရှားထားကြောင်း၊ ၎င်းနှစ်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံကို ထိခိုက်စေသည့်တရားမဝင် မူးယစ်ဆေးဝါးဖြတ်သန်း၊ သယ်ဆောင်၊ ထုတ်လုပ်၊ ခြိမ်းခြောက်မှု မရှိခြင်းကြောင့်ဖြစ်ကြောင်း ၎င်းတို့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

စိတ်ကြွရူးသွပ်ဆေးပြားအပါအဝင် မူးယစ်ဆေးဝါး ထုတ်လုပ်နိုင်ရန် ဓာတုပစ္စည်းသည် မရှိမဖြစ်လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် ဓာတုပစ္စည်း ထုတ်လုပ်နိုင်ခြင်း မရှိသည့်အတွက် မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်သူများအနေဖြင့် ၎င်းတို့လိုအပ်သည့် ဓာတုပစ္စည်းများကို လမ်းကြောင်းအမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုးဖြင့် ပြည်ပမှ တရားမဝင်သယ်ဆောင်လျက်ရှိသည်။ ထိုသို့ သယ်ဆောင်မှုကို နှစ်နိုင်ငံချင်း၊ နားလည်မှုစာချွန်လွှာအဖွဲ့ဝင် နိုင်ငံအချင်းချင်း ပူးပေါင်းကာ တားဆီးနှိမ်နင်းဆောင်ရွက်လျက်ရှိသည်။ ပြည်ထဲရေးဝန်ကြီးဌာနမှလည်း ၂၀၀၄ ခုနှစ် ဇူလိုင်လ ၁ ရက်တွင် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့သည်။ အဆိုပါ နည်းဥပဒေနှင့်အညီ ဗဟို၊ ပြည်နယ်၊ တိုင်း၊ ခရိုင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် ဓာတုပစ္စည်းများ တရားမဝင်တင်သွင်းခြင်း၊ သယ်ဆောင်ခြင်း စိစစ်ဆောင်ရွက်သကဲ့သို့ တရားမဝင်သယ်ဆောင်ခြင်းကိုလည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေးတွင် မည်သူမျှ ဥပဒေ၏ အထက်တွင်မရှိဟူသော စကားရပ်နှင့်အညီ ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း နေထိုင်ပြုမူဆောင်ရွက်ခြင်းမရှိသူများကို သက်ဆိုင်ရာက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးအသုံးပြုခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းနှင့် ပတ်သက်၍ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ အမေရိကန်နိုင်ငံ၏ အစီရင်ခံစာတွင်ပါသကဲ့သို့ UWSA ၏ မူးယစ်ဆေးဝါးထုတ်လုပ်နေမှုကို တားဆီးရန်ပျက်ကွက်သည်ဟု မျက်လုံးစုံမှိတ် ရေးသားခြင်းမျိုးမပြုသင့်ပါ။ မြန်မာနိုင်ငံ၏ လက်ရှိ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များအပေါ် အပြည့်အစုံ သေချာစွာလေ့လာပြီးမှသာ အစီရင်ခံစာကို ရေးသားသင့်သည်။ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ကိစ္စများတွင်သာမက ဥပဒေနှင့်ငြိစွန်းဖောက်ဖျက်သည့်အရေးကိစ္စမှန်သမျှတွင် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ အရေးယူလျက်ရှိသည်ကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ လေ့လာစေချင်သည်။ ဖြစ်ရပ်မှန်များနှင့် အခြေအနေမှန်များကိုလည်း အမှန်အတိုင်းသိစေချင်သည်။

အမေရိကန်နိုင်ငံအနေဖြင့် နိုင်ငံတကာကို ၎င်းတို့ တိုင်းလိုသည့်ပေတံဖြင့် လိုသလိုတိုင်းတာပြသနေခြင်းသည် အကျိုးထက်အပြစ်ကို ပိုများစေပါသည်။ အကျိုးဖြစ်ထွန်းစေရေးကို အဓိကမထားဘဲ အပြစ်ဖို့ပြသခြင်းဖြစ်သည့်အတွက် အပြုသဘောဆောင်သော Positive မဖြစ်ဘဲ အပျက်သဘောဆောင်သော အမြဲတမ်း Negative ကိုသာဖြစ်စေပါသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး ပပျောက်ရေးကို ၁၅နှစ်စီမံကိန်း ချမှတ်ကာ အပိုင်းလိုက်၊ နှစ်အလိုက် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ (၁၅)နှစ်စီမံကိန်း၏ ရည်ရွယ်ချက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိပါသည်။ အိမ်နီးချင်းနိုင်ငံ၊ အာဆီယံနိုင်ငံ၊ မိတ်ဆွေကောင်းနိုင်ငံများနှင့် ပူးပေါင်းကာ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို အစဉ်တစိုက်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းဆောင်ရွက်ချက်များအပေါ် မည်သို့ပင် အထင်အမြင်လွဲမှား ပုတ်ခတ်ပြောဆိုဝေဖန်နေစေကာမူ ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားမည်သာဖြစ်ပါသည်။

သို့ဖြစ်ရာ **မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုအပေါ် ဝေဖန်ပုတ်ခတ် ပြောဆိုသူများအနေဖြင့် အခြေအနေမှန်ကိုသိအောင် အမြင်မှန်ဖြင့်ကြည့်ကာ ကိုယ်ကျိုးမဖက် အပြုသဘောသာ ဝေဖန်သင့်ပါကြောင်း**ဖော်ပြအပ်ပါသည်။ ။

ဂုဏ်ပြုလက်မှတ်ပေးအပ်

ဗဟိုမီးသတ်သင်တန်းကျောင်း အဆင့်မြင့် မီးသတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၅)သင်တန်းတွင် သေနတ်ပစ်ထူးချွန် ပထမဆုရ သဃ်္ဃန်းကျွန်းမြို့နယ် (ဆ/ခ)ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ တပ်ကြပ်ကြီး ကျော်လွင်ဦးအား ဂုဏ်ပြုပွဲကို အောက်တိုဘာ ၉ ရက်က သဃ်္ဃန်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာန၌ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မီးသတ်ဦးစီးအရာရှိ ရဲသူရိန်အောင်ဝင်းစိန်က ထူးချွန်ဂုဏ်ပြုလက်မှတ် ပေးအပ်စဉ်။ (၅၀၆)

စိတ်ကြွရူးသွပ်ဆေးဝါးအန္တရာယ် နှိုးဆော်ချက်

စိတ်ကြွရူးသွပ်ဆေးသည် လူ၏စိတ်ကိုပြောင်းလဲစေသော ဆေးဝါးတစ်ခုဖြစ်သဖြင့် ၁၉၇၁ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ ကုလသမဂ္ဂ ညီလာခံ၏ထိန်းချုပ်ကွပ်ကဲမှုအရ တားမြစ်ထားသော ဆေးဝါးတစ်ခုဖြစ်သည်။

စိတ်ကြွရူးသွပ်ဆေးကိုသုံးစွဲပါက အောက်ဖော်ပြပါရောဂါလက္ခဏာများ ဖြစ်ပွားနိုင်ပါသည်–

* **နှလုံးခုန်မြန်ခြင်း၊ သွေးတိုးခြင်း၊ ဆေးအလွန်အကျွံ သုံးစွဲပါက တက်ခြင်းနှင့် ရုတ်တရက်သေဆုံးတတ်ခြင်း။**
* **ကိုယ်ပူရှိန်တက်ခြင်း၊ ချွေးထွက်များခြင်း၊ အပူလွန်ကဲခြင်းဖြစ်ပြီး သေဆုံးတတ်ခြင်း။**
* **စိတ်ကြွဆေးကိုစွဲလမ်းသွားပြီး မသုံးစွဲရလျှင် မနေနိုင်ဖြစ်လာခြင်း။**
* **အအိပ်အနေနည်းလာခြင်း၊ မည်သူတစ်ဦးတစ်ယောက်မှ ပြောဆိုခြင်း မရှိဘဲ နားထဲတွင် ခြိမ်းခြောက်သောအသံများ ကြားလာတတ်ခြင်း။**
* **ဂနာမငြိမ် ယောက်ယက်ခတ်လှုပ်ရှားမှုများခြင်း၊ သည်းမခံနိုင်ခြင်း၊ မထင်မှတ်ဘဲကြမ်းတမ်းသော အမူအရာဖြစ်တတ်ခြင်း၊ ပတ်ဝန်းကျင်ရှိလူများက မကောင်းကြံစည်နေသည်ဟု ထင်ယောင်ထင်မှား ဖြစ်ကာ ရာဇဝတ်မှုများ ဖြစ်ပွားနိုင်ခြင်း။**
* **ရေရှည်သုံးစွဲရာမှ သုံးစွဲမှုကိုရပ်ဆိုင်းလိုက်လျှင် စိတ်ဓာတ်ကျ၍ သတ်သေချင်စိတ်ဖြစ်ခြင်း စသည့် ရောဂါများ ဖြစ်ပွားနိုင်ပါသည်။**
* **လူမှုရေးပြဿနာများအနေနှင့်**
  - မူးယစ်ဥပဒေအရ အရေးယူခံရခြင်း
  - ပတ်ဝန်းကျင်၌ သိက္ခာကျဆင်းခြင်း
  - မိသားစုအတွင်း ဆက်ဆံရာတွင် အဆင်မပြေခြင်း၊ မိသားစုများ စိတ်ဆင်းရဲရခြင်း
  - မိမိ၏လုပ်ငန်းဆောင်တာများတွင် မှားယွင်းသော ဆုံးဖြတ်ချက်များပြုလုပ်တတ်ခြင်း
  - ရာဇဝတ်မှုမကင်းသည့် အပြုအမူများ ပြုလုပ်တတ်လာခြင်း

စသည့်ပြဿနာများနှင့် ကြုံတွေ့ရမှာဖြစ်ပါသည်။

သို့ပါ၍ စိတ်ကြွရူးသွပ်ဆေးသုံးစွဲမှုကြောင့် ဖြစ်ပွားနိုင်သည့်ရောဂါများ၊ လူမှုရေးပြဿနာများမှ ကင်းဝေးစေရန် စိတ်ကြွရူးသွပ်ဆေးကို လုံးဝရှောင်ကြဉ်ပါ။

စိတ်ကြွရူးသွပ်ဆေးကို သုံးစွဲမိနေပါကလည်း ဆေးဖြတ်ရန်ကြိုးပမ်းပါ။ သတ်မှတ်ထားသော ဆေးရုံများတွင် မှတ်ပုံတင်၍ ဆေးဝါးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

❀ **ရှေ့ဖုံးမှ**

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ဖွင့်လှစ်ပြီး ဗိုလ်တထောင် မြို့နယ် မင်္ဂလာရာမ ပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာန နာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရဋ္ဌသာရထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုင်ငံတော် ဩဝါဒ စရိယ ပုဗ္ဗန်တောင်မြို့နယ် ဘုရားဖြူ ကျောင်းတိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ နရိန္ဒာဘိဝံသ အား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယ ဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီး များသည် ဆရာတော် သံဃာတော် များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ တွဲဖက် စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် စစ်ဦးစီးဗိုလ်မှူးကြီး(လေ) ဗိုလ်မှူးကြီး နေဝင်းတို့က တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုများကိုယ်စား ဆွမ်း ဆန်တော်၊ ဆီနှင့်ပဲများကို ဆရာ တော်ကြီးများထံ ဆက်ကပ်လှူဒါန်း ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ က ငွေကျပ် ၆၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် ၃၀၀၀၀၊ ဒေါက်တာအောင်လင်း-ဒေါ်မိမိစိန် မန်နေဂျင်းဒါရိုက်တာ (Asia Express Co., Ltd.) က ငွေကျပ် ၂၅သိန်း၊ ဦးထွန်းဖေ-ဒေါ်ညွန့်ညွန့် (တောင်ဥက္ကလာပမြို့နယ်)က ငွေ ကျပ် ၁၀သိန်း၊ ရန်ကုန်အရှေ့ပိုင်း ခရိုင်နှင့် ဗိုလ်တထောင်မြို့နယ်၊ ပုဗ္ဗန် တောင်မြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် သုံးသိန်း၊ ဒေါ်ခင်သန်းမြင့်နှင့် ဦးခင်ဦး၊ ဒေါ်ခင်ခင်ကြီး မိသားစု ဗိုလ်တထောင်ဈေးလမ်း ပုဗ္ဗန်တောင် မြို့နယ်က ငွေကျပ် ခြောက်သိန်း၊ ဦးမြကြည်နှင့် ဒေါ်အုံးရင်၊ ဒေါ်ငွေး ငွေး တာဝတိံသာလမ်း ပုဗ္ဗန်တောင် မြို့နယ်က ငွေကျပ် ခြောက်သိန်းတို့ကို အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်ထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်ဒေါ်အေးလှ မိသားစုက ငွေကျပ် ခြောက်သိန်း၊ ဦးသောင်းညွန့် - ဒေါ်သိန်းသိန်း မိသားစုက ငွေကျပ် ခြောက်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ဦးချစ်မွေး-ဒေါ်မြင့်မြင့်ရီ မိသားစုနှင့် သီရိသုဓမ္မသိင်္ဂီဒေါ်အေး မြတ်နွယ်(ပုဂံဟိုတယ်)တို့က ငွေကျပ် ငါးသိန်းစီ၊ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း ဆွမ်းလောင်း အသင်းက ငွေကျပ် လေးသိန်းနှင့် ဦးသန်းမောင်-ဒေါ်ငွေကြည် (ချမ်း မြေ့စတိုး-မြောက်ဥက္ကလာပ)မိသားစု က ငွေကျပ် ၃၆၀၀၀၀ တို့ကို တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပေးအပ်လှူဒါန်း ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်နှင့် ပုဗ္ဗန်တောင်မြို့နယ်အတွင်းရှိ ပရိယတ္တိ စာသင်တိုက်ခြောက်တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစု များနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင်တစ်ဦးထံမှ အလှူငွေများ လက်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်နှင့် ပုဗ္ဗန်တောင်မြို့နယ် အတွင်းရှိ ပရိယတ္တိစာသင်တိုက် ခြောက်တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့်ပဲများကို မိသားစုများကိုယ်စား စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် ဉာဏ်ထွန်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် စစ်ဦးစီးဗိုလ်မှူးကြီး(လေ) ဗိုလ်မှူးကြီး နေဝင်းတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ မြန်မာ့စီးပွားရေးဦးပိုင် လီမိတက်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ဗိုလ်တထောင်မြို့နယ်၊ ပုဗ္ဗန်တောင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်အရှေ့ပိုင်း ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက် ရေး ကြီးကြပ်ရေးအဖွဲ့၊ တိုင်းရင်းဆေး ပညာ ဦးစီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ် ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း အပါ အဝင် အလှူရှင်များက ဆရာတော် ကြီးများထံ ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ တိုင်းရင်းဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်း များကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင် အလှူ ငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစု

ယင်းနောက် ဦးစိုးသိန်းက ငွေကျပ် သုံးသိန်း၊ (ဦးသိန်းမောင်)-ဒေါ်ပါး ပါး(စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၂၂၅၀၅၀၊ ကံ့ကော်ရွှေပြည် ဦးသန်း ထွန်း မိသားစု(ရန်ကင်းမြို့နယ်)က ငွေကျပ် ၂၂၅၀၀၀၊ ဦးတင်ဝင်း- ဒေါ်စန်းဝင်း(KNကုမ္ပဏီ)၊ ဦးသိုင်း ဝင်း-ဒေါ်ငွေးငွေးညွန့် (BTB ကုမ္ပဏီ)၊ ဦးသန်းနိုင်-ဒေါ်ကြည် ကြည်ဆွေ(သမ္မတ သက်န်းတိုက်)၊ ဦးတင်အောင်- ဒေါ်လှလှနွယ် (ဝင်း ရတနာ ခရီးသွားလုပ်ငန်း)နှင့် ဦးစိုး ဟန်လင်း (ဗိုလ်တထောင်မြို့နယ်) တို့က ငွေကျပ် နှစ်သိန်းစီတို့ကို သာသနာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို ထံ ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ သီရိသုဓမ္မ မဏိ ဇောတဓရ သီဟသုဓမ္မမဏိဇောတ ဓရ ဦးကျော်မင်း(ရန်ကင်း) မိသားစု၊ ဒေါ်နုနုငယ်(နုငယ်ဆောက်လုပ်ရေး) တာမွေမြို့နယ်၊ ဒေါ်ခင်နန်းမွန် (ရန်ကင်းမြို့နယ်)နှင့် ဦးခင်ဇော်- ဒေါ်ခင်ဆွေဦး (ကျားကိုးကောင် မော်တော်ယာဉ် ထုတ်လုပ်ရေး) မိသားစုတို့က ငွေကျပ် နှစ်သိန်းစီ၊ ဗိုလ်တထောင်မြို့နယ်နှင့် ပုဗ္ဗန် တောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ရန်ကုန် အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၊ ပုဗ္ဗန်တောင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ရန်ကုန် အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာ အဖွဲ့နှင့် ပုဗ္ဗန်တောင်မြို့နယ် အမျိုး သမီးရေးရာအဖွဲ့၊ ဗိုလ်တထောင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းနှင့် မြို့နယ် အမျိုးသမီး ရေးရာအဖွဲ့တို့က ငွေကျပ်နှစ်သောင်း စီတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူး ချုပ် ကျော်မြင့်ထံ ပေးအပ်လှူဒါန်း ကြသည်။

ထို့နောက် ဂရိတ်ဝေါ တိုင်းရင်း ဆေးဝါးလုပ်ငန်း၊ ဦးအောင်မွန် (မြင့် အောင်မြတ် စပါးရောင်းဝယ်ရေး) မိသားစု၊ ဦးကျော်မိုး-ဒေါ်တင်မြင့် ကြည် မိသားစု၊ ဦးဗာလကစ္စနား- ဒေါ်မငယ် မိသားစု၊ ဦးမြင့်စိုး (လူမှုထူးချွန် ပထမဆင့်)-ဒေါ်နီနီ အောင်၊ သား မောင်အောင်စိုးသန်း မိသားစု(ရန်ကုန်အရှေ့ပိုင်းဆေးရုံ) နှင့် ဦးထွန်းထွန်း-ဒေါ်စီလုံး မိသားစု တို့က ငွေကျပ် နှစ်သိန်းစီနှင့် ဗိုလ်တထောင်မြို့နယ် ပညာရေး မိသားစုက ငွေကျပ် ၁၈၇၄၅၀ တို့ကို စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် ဉာဏ်ထွန်းထံ ပေးအပ်လှူဒါန်း ကြသည်။

ဆက်လက်၍ ဦးထွန်းမြင့်- ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမ ငရုတ် သီးမှုန့်လုပ်ငန်း)မိသားစု၊ ဗိုလ်တထောင် မြို့နယ် ဆီကုန်သည်များအသင်း၊ ဦးတက်တိုးအောင် (ကျောင်းအကျိုး ဆောင်-ညောင်ကုန်း ကျောင်းတိုက်) နှင့် ပုဗ္ဗန်တောင်မြို့နယ် ဟိန္ဒူဆိုရှယ် ကလပ်တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးနိုင်ဝင်း-ဒေါ်ခင်မိုးဆွေ မိသားစု၊ သမားတော်ကြီး ဦးကျော်စိန်- ဒေါ်နန်းခမ်းဆာ (ဖြူစင်မေတ္တာ ဆေးခန်း)၊ ကျော်သာကုမ္ပဏီနှင့် ဦးဖေလှိုင် ပုဗ္ဗန်တောင်မြို့နယ်တို့က ငွေကျပ် ၁၅၀၀၀၀စီနှင့်ဗိုလ်တထောင် မြို့နယ်အတွင်းရှိ စေတနာရှင်အလှူ ရှင်များက ငွေကျပ် ၁၁၅၀၀၀ တို့ကို တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်မှူး အောင်ဆန်း သူရိယအေးချို- ဇနီး ဒေါ်တင်တင် အုန်း မိသားစုက ငွေကျပ် ၁၁၀၀၀၀၊ ဦးမောင်စိန်-ဒေါ်ဂန်နေထမား စိန် မိသားစု သံထည်ရောင်းဝယ်ရေးက ငွေကျပ် ၁၀၀၀၈၀၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း၊ မြန်မာ နိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင် များအသင်း၊ ဦးခင်မောင်ထွန်း (ထက် လင်းဆေးတိုက်)၊ ဦးထွန်းရွှေ- ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါ ဆေးတိုက်)နှင့် ဦးမျိုးအောင်- ဒေါ်ခင်ရည်မွန်(ဆန်းမြန်မာ ကုမ္ပဏီ လီမိတက်)တို့က ငွေကျပ်တစ်သိန်းစီ တို့ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်းထံ ပေးအပ်လှူဒါန်း ကြသည်။

ဆက်လက်၍ ဦးခင်မောင်သော်၊ ဦးသန်းအောင်ကျော်၊ ဦးအေးဝင်းနှင့် ဦးခင်အောင်၊ဦးမြဟန်(မြဟန်ကုမ္ပဏီ)၊ ဆော်လမွန် ဆောက်လုပ်ရေးကုမ္ပဏီ (ပုဗ္ဗန်တောင်)နှင့် မဟာမိတ်လုပ်ငန်းစု လီမိတက် (ဗိုလ်တထောင်မြို့နယ်) တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် စေတနာရှင် အလှူရှင်များက ငွေ ၁၆၀၂၁၅၅၅ ကျပ်တို့ကို တာဝန်ရှိ သူများထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်မှူးကြီးအေးသော်က ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော် ဩဝါဒ စရိယ ပုဗ္ဗန်တောင်မြို့နယ် ဘုရားဖြူ ကျောင်းတိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ နရိန္ဒာဘိဝံသ က အနုမောဒနာတရား ချီးမြှင့်တော် မူပြီး အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ ဝင်များ၊ ပရိသတ်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက် တန်းကျောင်းမှ ကျောင်းသူလေး များက အရပ်(၁၀)မျက်နှာ မေတ္တာ ပို့ဆုတောင်းကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက် သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင် မြို့နယ်နှင့် ပုဗ္ဗန်တောင်မြို့နယ် အတွင်းရှိ ပရိယတ္တိ စာသင်တိုက် ခြောက်တိုက်သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် အိတ် ၃၁၀၊ ဆီ ၆၄ ပိဿာ၊ ပဲ ၁၁၅ပိဿာ၊ အိုင်အိုဒင်းဆား ၆၄၁ ပိဿာ၊ သွားတိုက်ဆား ၁၂၈ဘူး၊ တိုင်းရင်းဆေးမျိုးစုံဘူး ၈၅၅၀၊ ရွှေဝါ ဆပ်ပြာ ၆၄၁တောင့်၊ မွှေးဆပ်ပြာ ၆၄၁တုံး၊ ငါးခြောက်ပိဿာ ၄၂၀၊ ငရုတ်သီးမှုန့်အထုပ် ၁၀၈၀၊ ဗလာ စာအုပ် ၃၆ဒါဇင်နှင့် ငံပြာရည် ၁၅ဘူး တို့ဖြစ်သည်။

(သတင်းစဉ်)

မြသိန်းတန်အောင်ဓမ္မာရုံ ဥပါသကာဝတ်အဖွဲ့နှင့် လက်ပံတန်း မြို့နယ်ဝတ်အဖွဲ့၊ ဆီမီး၊ ပန်း၊ ရေချမ်းပူဇော်ရေးအဖွဲ့ (၇၆) စမ်းချောင်းလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့မှ ကြီးမှူးကျင်းပမည့် သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြု၊ ဘုရားအဆူဆူ၊ ဆီမီး၊ ပန်း၊ ရေချမ်းတော်များ ပူဇော်ပွဲအတွက် အလှူရှင် လက်ပံတန်းမြို့ (၂)လမ်းနေ ဦးကျော်မိုးအောင်-ဒေါ်သန်း သန်းအေး (သား) မောင်အာကာကျော်မိသားစုက အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

ရွှေမြင်းမိုရ်ဆရာတော် မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် အောက်တိုဘာ ၉

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင်းမိုရ်ကျောင်းတိုက်ပဓာန နာယကဆရာတော် ဗဟုဇနဟိတဓရ ဘဒ္ဒန္တသောဘဏ(ဒီဃနိကာယ ကောဝိဒ သာသနဓဇ သိရီပဝရဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင်းမိုရ်ကျောင်းတိုက်၌ အောက်တိုဘာ ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရား တော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင် ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈ သို့ ဖြစ်စေ အောက်တိုဘာ ၁၇ ရက်အရောက် ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

ပရိယတ္တိစာသင်တိုက်သုံးတိုက်နှင့် သန္တနုစမ္မပါလကဟိန္ဒူအဖွဲ့ချုပ်သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၉

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်သုံးတိုက်နှင့် ပန်းဘဲတန်းမြို့နယ်ရှိ သန္တနုစမ္မပါလကဟိန္ဒူအဖွဲ့ချုပ်သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုမာရနှင့်ဆိပ်ကမ်းမြို့နယ် မွန်ပရိယတ္တိစာသင်တိုက်နှင့် ပုညသုခ ပရိယတ္တိစာသင်တိုက်တို့မှ ပဓာနနာယက ဆရာတော်များ၊နာယကဆရာတော်များနှင့် စာသင်သား သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ပန်းဘဲတန်းနှင့် ဆိပ်ကမ်းမြို့နယ်တို့မှ မြို့နယ်နှင့်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ လူမှုရေးနှင့် ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ မဟာသိမ်တော်ကြီး ဂေါပကအဖွဲ့ဝင်များ၊ သန္တနုစမ္မပါလက ဟိန္ဒူအဖွဲ့ချုပ်မှ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင် ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုမာရထံမှ တိုင်းမှူးနှင့် ပရိသတ်များက

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်များ အတွင်းရှိ ပရိယတ္တိစာသင်တိုက် သုံးတိုက်နှင့် ပန်းဘဲတန်းမြို့နယ်ရှိ သန္တနုစမ္မပါလက ဟိန္ဒူအဖွဲ့ချုပ်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ရန်ကုန် အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်များအတွင်းရှိ ပရိယတ္တိစာသင်တိုက် သုံးတိုက်နှင့် ပန်းဘဲတန်းမြို့နယ်ရှိ သန္တနုစမ္မပါလကဟိန္ဒူအဖွဲ့ချုပ်သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့်ပဲများကို မိသားစုများကိုယ်စား စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် ဉာဏ်ထွန်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် စစ်ဦးစီး ဗိုလ်မှူးကြီး (စက်မှုလက်မှု) (လေ) ဗိုလ်မှူးကြီးချန်မောင်တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။
(သတင်းစဉ်)

ငါးပါးသီလခံယူ ဆောက်တည်ကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဆရာတော်ကြီးအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ဆီနှင့်ပဲများကို မိသားစုများကိုယ်စား စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် စစ်ဦးစီးဗိုလ်မှူးကြီး (စက်မှုလက်မှု) (လေ) ဗိုလ်မှူးကြီးချန်မောင်တို့က မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းဆန်တော်ဆက်ကပ်

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်များကို တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာနက လှူဒါန်းသော ဆွမ်းဆန်တော်များကို ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လှူဒါန်းသော ဆွမ်းဆန်တော်များကို ကော်မတီအတွင်းရေးမှူးဦးတင်စိုးက လည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က လှူဒါန်းသော ဆီနှင့်ဆပ်ပြာများကို ကိုယ်စားလှယ်တစ်ဦးကလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းမိသားစုများက လှူဒါန်းသော တိုင်းရင်းဆေးမျိုးစုံကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်မြတ်အုန်းခင်က လည်းကောင်း၊ ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များအသင်းက လှူဒါန်းသော အိုင်အိုဒင်းဆားနှင့် သွားတိုက်ဆားဘူးများကို အသင်းအတွင်းရေးမှူး ဦးစောဝင်းက လည်းကောင်း ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မှန်ချိုဆေးတိုက်မှ ဦးလှဌေး–ဒေါ်တင်နွယ်ဦး မိသားစုက မှန်ချိုဆေးဘူး ၂၅၀၀၊ လူပုံတော်ပတ္တမြား အဘယသုခဆေးတိုက်မှ (ဦးအောင်မြင့်)–ဒေါ်ဖြူသီ မိသားစုက ပတ္တမြားသွေးဆေး ၁၂၆၄ဘူး၊ ကျော်ဆေးဝါးထုတ်လုပ်ရေးမှ ဒေါက်တာအေးကျော် မိသားစုက ကျော်တိုင်းရင်းဆေးမျိုးစုံ ၁၂၄၀၊ ထွန်းရွှေဝါ ဆေးဝါးထုတ်လုပ်ရေးမှ ဦးထွန်းရွှေ–ဒေါ်သင်းသင်းဆွေ မိသားစုက ထွန်းရွှေဝါ ဆေးဘူး ၄၈၀၊ ထက်လင်းဆေးတိုက်မှ ဦးခင်မောင်ထွန်း မိသားစုက ထက်လင်းဆေးဘူး ၃၉၀၊ ကေသီပန်ဆေးတိုက်မှ ဦးလှမြင့် မိသားစုက မင်းသုခခေါင်းကြည်ဆေးထုပ် ၃၀၀၊ သီရိသုဓမ္မမဏိဇောတရေ ဦးရွှေမြ–ဒေါ်ခင်ယုံ မိသားစုက လေနာရောဂါပျောက်ဆေးနှင့် ဆေးမျိုးစုံအထုပ် ၃၅၀၀၊ AA Medical Products Ltd မှ ဗီတာမင် အားဆေးဘူး ၁၀၀၊ စန္ဒီပရဆေးထုတ်လုပ်ရေးမှ (ဦးသိန်းမောင်)–ဒေါ်ပါးပါး မိသားစုက ဆွမ်းဆန်တော် ၁၀အိတ်၊ အိုကေဆန်ပွဲရုံမှ ဦးငြိမ်း–ဒေါ်အုံးကြင် မိသားစုက ဆွမ်းဆန်တော် ၁၀အိတ်၊ ဂရိတ်ဝေါလ် တိုင်းရင်းဆေးဝါးလုပ်ငန်းမှ ဦးမောင်မောင် မိသားစုက ဂရိတ်ဝေါလ်ဆေး ၈၆၄ဘူး၊ နဝင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးငွေစိုး မိသားစုက နှလုံးသည်းခြေဆေး ၁၂၆ဘူး၊ Sri Raj Khetan (Khetan Co., Ltd.) က ဆွမ်းဆန်တော်တစ်အိတ် ဆီတစ်ပုံးနှင့် ကုလားပဲတစ်အိတ်၊ Sri Dinesh Kumar Patoda & Family က ဆွမ်းဆန်တော်ငါးအိတ်၊ ဆီငါးပိဿာ၊ ပဲတစ်အိတ်၊ ဂျုံစေ့တစ်အိတ်နှင့် ကြံသကာ ၁၅ပိဿာ၊ ပန်းဘဲတန်းမြို့နယ် စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံးက ဆွမ်းဆန်တော်ခြောက်အိတ်၊ ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆွမ်းဆန်တော် ငါးအိတ်၊ ဆိပ်ကမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆွမ်းဆန်တော်နှစ်အိတ်၊ ဆိပ်ကမ်းမြို့နယ်ရဲတပ်ဖွဲ့က ဆွမ်းဆန်တော်ငါးအိတ်၊ လှိုင်မြို့နယ်မှ ဒေါ်နု မိသားစုက ဆွမ်းဆန်တော်ငါးအိတ်၊ ကွယ်လွန်သူ သီဟသုဓမ္မမဏိဇောတရေ ဒဂုံဦးတင်ဝင်းအား ရည်စူး၍ ဒေါ်မြရည်နန္ဒာနှင့် မိသားစုက ဆွမ်းဆန်တော်နှစ်အိတ်၊ ခေါက်ဆွဲခြောက် အထုပ် ၆၀နှင့် ဒူးရင်းယိုထုပ် ၂၀၊ Sri Sanjay Kumar & Family က ဆွမ်းဆန်တော်တစ်အိတ်၊ Ram Kisham (Ananda Trading)က ငွေကျပ် ၅၁၀၀၀ တန်ဖိုးရှိ စတီးပစ္စည်းများ၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှက ကျိုက်ထီးရိုးဘုရားပုံတော် ၃၀၊ စိန်ခဲ၊ ရွှေခဲ၊ငွေခဲ ငံပြာရည်လုပ်ငန်းမှ ဦးအောင်ရွှေ မိသားစုက ငံပြာရည် ၇၅လီတာ၊ မြန်မာ့ရေထွက်ပစ္စည်း ထုတ်လုပ်ရေးအသင်းမှ ဦးမျိုးအောင်က ငါးခြောက် ပိဿာ ၅၀၊ အာရှကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန် လီမိတက်က ငါးခြောက် ၁၁၁ပိဿာနှင့် ဘုတ်ဆုံမ ငရုတ်သီးမှုန့်လုပ်ငန်းက ဘုတ်ဆုံမ ငရုတ်သီးမှုန့်အထုပ် ၁၀၈၀တို့ကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင်အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများလှူဒါန်းသော ငွေကျပ် ၄၀၀၀၀ကို တပ်မတော်အရာရှိကြီးများက လည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေကျပ် ၂၀၀၀၀ ကို အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးမြင့်ကြည်က လည်းကောင်း၊ မြန်မာပြည်သားဟော့ ကေအင်န်ကုမ္ပဏီမှ သီဟသုဓမ္မမဏိဇောတရေ ဦးတင်ဝင်း–သီရိသုဓမ္မသီဂီ ဒေါ်စန်းဝင်းတို့က ငွေကျပ် ၃၀၀၀၀၀၊ ပုဂံဟိုတယ်မှ သီရိသုဓမ္မသီဂီ ဒေါ်အေးမြတ်နွယ်က ငွေကျပ် ၃၀၀၀၀၀၊ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၏ မြေး ဦးစောဝင်း မိသားစုက ငွေကျပ် ၃၀၀၀၀၀၊ စန္ဒီပရဆေးလုပ်ငန်းမှ (ဦးသိန်းမောင်)–ဒေါ်ပါးပါးတို့က ငွေကျပ် ၂၂၅၀၅၀နှင့် ဘီတီဘီကုမ္ပဏီမှ သီဟသုဓမ္မမဏိဇောတရေ ဦးသိုင်းဝင်း–သီရိသုဓမ္မသီဂီ ဒေါ်ဌေးဌေးညွန့်တို့က ငွေကျပ် ၂၀၀၀၀၀တို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီးများနှင့် တပ်မတော် အရာရှိကြီးများက သမ္မတသက်န်းတိုက်ပိုင်ရှင် သီဟသုဓမ္မမဏိဇောတရေ ဦးသန်းနိုင်–သီရိသုဓမ္မသီဂီ ဒေါ်ကြည်ကြည်ဆွေ၊ ဝင်းရတနာခရီးသွားလုပ်ငန်းမှ သီဟသုဓမ္မမဏိဇောတရေ ဦးတင်အောင်–ဒေါ်လှလှနွယ်၊ ဂရိတ်ဝေါလ် တိုင်းရင်းဆေးဝါးလုပ်ငန်းမှ ဦးမောင်မောင်မိသားစု၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့် လုပ်ငန်းမှ ဦးထွန်းမြင့်– ဒေါ်စန်းစန်းဦး မိသားစုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့က ငွေကျပ် ၂၀၀၀၀၀ စီ၊ လူပုံတော်ပတ္တမြား အဘယသုခဆေးတိုက်မှ (ဦးအောင်မြင့်)– ဒေါ်ဖြူသီ မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ မှန်ချိုဆေးတိုက်မှ ဦးလှဌေး–သီရိသုဓမ္မသီဂီ ဒေါ်တင်နွယ်ဦး မိသားစုက ငွေကျပ် ၁၁၀၀၀၀၊ ချမ်းမြေ့စတိုးမှ ဦးသန်းမောင်–ဒေါ်ငွေကြည်တို့က ငွေကျပ် ၁၀၈၀၀၀၊ ဦးမျိုးညွန့် (မိုးယံရွှေလမင်း–မြတ်ဆုကုဌေး)က ငွေကျပ် ၁၀၈၁၀၈၊ သိမ်ကြီးဈေး(အေ)ရုံနှင့် (ဘီ)ရုံ ဈေးမိသားစုများ၊ ဆန်းမြန်မာကုမ္ပဏီမှ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန်၊ ထွန်းရွှေဝါတိုင်းရင်းဆေးဝါးလုပ်ငန်းမှ ဦးထွန်းရွှေ–ဒေါ်သင်းသင်းဆွေ၊ ထက်လင်းဆေးတိုက်မှ ဦးခင်မောင်ထွန်း မိသားစု၊ မြင့်အောင်မြတ် စပါးရောင်းဝယ်ရေးမှ ဦးအောင်မွန် မိသားစု၊ လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ တက်သစ်စကနောင် ရတနာရွှေဆိုင်မှ ဒေါ်ယဉ်ရွှေမိသားစု၊ ဗိုလ်ချုပ်အောင်ဆန်းဈေး မိသားစု၊ ပန်းဘဲတန်းမြို့နယ် ဆီကုန်သည်များအသင်း၊ ၊တွံတေးမြို့နယ်မှ ဦးကျော်လှိုင်နှင့် သားများရွှေဆိုင်၊ နဂါးကိုးကောင်နှင့် ရှုတိုင်းယဉ်ရွှေဆိုင်မှ ဦးမျိုးသီဟ မိသားစု၊ ဖန်တက်စီဝေါလ်မှ ဦးအောင်ရွှေ မိသားစု၊ ကျောက်တံတားမြို့နယ် ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်းအဖွဲ့၊ ကျောက်တံတားမြို့နယ် အမှတ်(၈)ရပ်ကွက်နှင့် ကဏ္ဍန်းလုပ်ငန်း စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့က ငွေကျပ် ၁၀၀၀၀၀စီ၊ ဟိန္ဒူဘာသာဝင်မိသားစုများက ငွေကျပ် ၁၅၅၀၀၀၊ K.B International Co., Ltd. က ငွေကျပ် ၁၅၀၀၀၀၊ ဦးကြည်မင်း–ဒေါ်ခင်အေးသန်း(နန္ဒာအင်းမိသားစု)က ငွေကျပ် ၁၂၅၀၀၀ Asia King Co., Ltd. က ငွေ ၁၁၁၁၁၁ကျပ်၊ Myanmar Swiss Singapore Co., Ltd. က ငွေကျပ် ၁၀၁၀၀၀၊ Bagan Myanmar Authourized Customs Cleaing Agent မှ ဦးကျော်ဇင်လတ်–ဒေါ်မီရာတို့က ငွေကျပ် ၁၀၀၀၀၀နှင့် အလှူငွေကျပ် ၁၀၀၀၀၀အောက် အလှူရှင် ၄၀တို့ လှူဒါန်းသော ဆွမ်းပဒေသာပင် အလှူငွေများကို လက်ခံကြသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် စစ်ဦးစီး ဗိုလ်မှူးကြီး (စက်မှုလက်မှု)(လေ) ဗိုလ်မှူးကြီး ချန်မောင်က တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ပရိယတ္တိ စာသင်တိုက်ကြီးများနှင့် သန္တနုစမ္မပါလကဟိန္ဒူအဖွဲ့ချုပ်တို့သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုမာရထံမှ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ပရိသတ်များက အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ကျောင်းသူကလေးများက အရပ်(၁၀)မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ လှူဒါန်းပွဲတွင် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၀၃အိတ်၊ ဆီ ၁၆၇ပိဿာ၊ ပဲပိဿာ ၁၄၀၊ အိုင်အိုဒင်းဆား ၆၄၁ပိဿာ၊ သွားတိုက် ဆားဘူး ၁၀၀၊ တိုင်းရင်းဆေးမျိုးစုံ ၁၀၈၂၄ဘူး၊ ငံပြာရည် ၇၅ လီတာ၊ ငရုတ်သီးမှုန့်အထုပ် ၁၀၈၀၊ ခေါက်ဆွဲခြောက် အထုပ် ၆၀၊ ဒူးရင်းယိုအထုပ် ၂၀၊ ဆပ်ပြာ ၄၄၆တောင့်၊ ဂျုံတစ်အိတ်၊ ကြံသကာ ၁၅ပိဿာ၊ နနွင်း ၁၀ပိဿာ၊ ကျိုက်ထီးရိုးဘုရားပုံတော် ၃၀၊ စတီးပစ္စည်းမျိုးစုံနှင့် ဆွမ်းပဒေသာပင် အလှူငွေ ၇၇၄၆၃၆၉ ကျပ် ဖြစ်သည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၉

ပို့ဆောင်ရေးဝန်ကြီးဌာနက နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ နာယကချုပ် ဆရာတော် အမှူးပြုသော သင်ကြား၊စီမံ ဆရာတော်များနှင့် စာသင် သံဃာတော်များအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ဌာနအကြီးအကဲများ၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။
(သတင်းစဉ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အောင်မြေသာစည် အိမ်ရာနေ ဦးကျော်ဇေယျ – ဒေါ်ဝင့်ဝင့်နိုင်၊ သား ဇေယျအောင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးချစ်လှိုင် လက်ခံယူစဉ်။
(က–ပ)

ဝန်ကြီး ဦးအောင်သောင်း စက်ရုံမှူး၊ ဦးစီးမှူးများအား တွေ့ဆုံ လျှာထားချက်ပြည့်မီကျော်လွန်ရေး စနစ်တကျ ကြပ်မတ်ရန်မှာကြား

ရန်ကုန် အောက်တိုဘာ ၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့နံနက် ၆နာရီခွဲတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်း မန္တလေးဘီယာစက်ရုံ ကနောင်ခန်းမ၌ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့ရှိ စက်ရုံမှူးများ၊ ဦးစီးမှူးများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ စက်ရုံမှူးများက မိမိတို့ စက်ရုံများ၏ ထုတ်လုပ်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြကြရာ ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မှာကြားရာတွင် စက်ရုံ၊ အလုပ်ရုံများ၏ လျာထားချက်များ ပြည့်မီကျော်လွန်ရေးအတွက် သွင်းအားစုများ ဖြစ်သော ကုန်ကြမ်းများပြတ်လပ်မှုမရှိရေး၊ စက်အပိုပစ္စည်းများ ထားရှိရေးတို့အပြင် အစီအမံ ကောင်းမွန်စွာဖြင့် စနစ်တကျ ကွပ်ကဲကြပ်မတ်သွားရန် လိုကြောင်း၊ နိုင်ငံပိုင်ပစ္စည်းများကို လေလွင့် ဆုံးရှုံးမှုများမဖြစ်ပေါ်စေရအောင် ကြီးကြပ်သွားကြရန် လိုကြောင်း၊ အထူးသဖြင့် စက်ရုံလုံခြုံရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုစနစ်တကျ အစီအမံများထားရှိသွားရန် လိုကြောင်းဖြင့် မှာကြားသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေး ကွေ့မ-ဆိပ်သာ ရေဝတီမြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းဆက်သွယ်နေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေး

ရန်ကုန် အောက်တိုဘာ ၉

မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ခေါင်းဆောင်၊ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ကော်မတီဝင်များဖြစ်ကြသော တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်လည်းကောင်း၊ ကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ခေါင်းဆောင်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ကော်မတီဝင်များဖြစ်ကြသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ညနေပိုင်းတွင်လည်းကောင်း မော်တော်ယာဉ် မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့် လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ (သတင်းစဉ်)

သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၉

မကွေးတိုင်း အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ရက်တွင် မကွေးမြို့ရှိ ဖန်ခါးမြေဘိုးဘွားရိပ်သာ၌ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းနှင့် အဖွဲ့ဝင်များ၊ မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သက်ကြီး အဘိုးအဘွား စုစုပေါင်း၆၉ဦးတို့အား လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြရာ ဘိုးဘွားများက လက်ခံကြပြီး အဘိုးတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

ရေဝတီမြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းလုပ်ငန်းခွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေး ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၉

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ပြည်တောင်တန်းရေနံမြေသို့ ရောက်ရှိပြီး ရေနံမြေရိပ်သာ၌ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ရေနံနှင့် သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နိုင်ရေး ကိစ္စများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကွေ့မ-ဆိပ်သာ ရေဝတီမြစ်ဖြတ် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ဆက်သွယ်ရေးလုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ယာယီ ရှင်းလင်းဆောင်၌ ပိုက်လိုင်းလမ်းကြောင်း အခြေအနေ၊ မြစ်ရေ အတက်အကျ အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက မြစ်ရေကျသည်နှင့် အမြန်ဆုံးမြစ်ဖြတ်ပိုက်ဆွဲနိုင်ရေး ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် နံနက်ပိုင်းကလည်း ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည့် သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၅)သို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော အသင်းဝင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်လက်၍ စေတနာရှင် ပြည်သူများက ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများကို ပေးအပ်ရာ ခရိုင်အသင်း အတွင်းရေးမှူးက လက်ခံသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ထံ သာယာဝတီခရိုင်အတွင်းမှ အသင်းဝင် အဆိုပြုလွှာ အစောင် ၉၀၃၀ကို မိုးညိုမြို့နယ်အသင်း အတွင်းရေးမှူးက ပေးအပ်သည်။

အတည်ပြုချက်ရယူ

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ခရိုင်အသင်း အတွင်းရေးမှူးက အစီရင်ခံစာဖတ်ကြားတင်သွင်းခြင်း၊ ကဏ္ဍအလိုက်ပြန်လည်ဆွေးနွေးတင်ပြခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အောက်တိုဘာ ၈ရက်က သံဖြူဇရပ် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်သန်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးစိုးမိုးနှင့်အဖွဲ့ သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာသွားလမ်းတစ်လျှောက် လမ်းဖောက်ဖာထေးခြင်းလုပ်ငန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

လှူဒါန်း

ရန်ကုန်မြို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) နှစ် (၁၀၀) ပြည့်ပွဲတော်အတွက် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၅ ရက်က (YMBA) အသင်းခန်းမ၌ ပြုလုပ်ရာ ပုဇွန်တောင်မြို့နယ် လိပ်ကန်ပန်းခြံလမ်းနေ အလှူရှင် ဗိုလ်မှူးကျော်မြင့်(ငြိမ်း) မိသားစု (အဉ္ဇလီစားသောက်ဆိုင်)က အသင်းဥက္ကဋ္ဌ ဦးဗိုလ်နီသို့ ပေးအပ်လှူဒါန်းစဉ်။

(၂၃)

မွန်ပြည်နယ် အမျိုးသမီးအားကစားအဖွဲ့မှကြီးမှူး၍ အခြေခံ အဆင့်မြင့် ကိုယ်ကာယကြံ့ခိုင်မှု နည်းပြသင်တန်းဆင်းပွဲကို အောက်တိုဘာ ၃ရက်က မော်လမြိုင်မြို့ မိုးလုံလေလုံအားကစားခန်းမတွင်ကျင်းပရာ ပြည်နယ် အမျိုးသမီး အားကစားအဖွဲ့နာယက အဖွဲ့ဝင် ဒေါ်ညွန့်ညွန့်ဝေက သင်တန်းဆင်း လက်မှတ်ချီးမြှင့်စဉ်။

(၃၃၇)



မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၁၀-၂၀၀၅ (တနင်္လာနေ့)

၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ရက်(ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၃၀ ၇။ International News.
- ၈:၄၅ ၈။ Imiands of Dhamma.
- ၈:၅၀ ၉။ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (အဂ္ဂမဟာ ပဏ္ဍိတ၊တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ ဂါရိက) တိပိဋက မဟာဂန္ဓဝင်ကျောင်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Demonstration Exercises For Correct Prominciation.
- ၄:၄၅ ၄။ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းအခြေခံပညာကျောင်းများ ဝတ်ရွတ်ပြိုင်ပွဲ (တတိယဆု) (အထက-၂၊ တောင်ဥက္ကလာ ဝတ်အသင်း)
- ၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ်** (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၁၅ ၆။ အကပဒေသာ
- ၅:၂၅ ၇။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ဝါသနာရှင်အဆင့်) (အမျိုးသမီး)**
- ၅:၃၅ ၈။ ထာဝစဉ်နုလှ မြန်မာ့ဂီတ (အတီးပညာဘာသာရပ် ဆွေးနွေးခန်း) (အပိုင်း-၇)
- ၅:၅၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆို၊ အကများ
- ၅:၅၅ ၁၀။ တေးဂီတအစီအစဉ်(မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၆:၀၅ ၁၁။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၆:၁၅ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ** “ရယ်ရွှင်ဆော့ပြေးပုရွက်ဆိပ်လေး”(အပိုင်း-၂၉)
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်လှေကားထစ်လေးများ (အပိုင်း-၃)**
- ၇:၃၅ ၁၆။ တေးဂီတအစီအစဉ်
- ၇:၄၅ ၁၇။ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သောနေခြည်” (အပိုင်း-၁၉)**
- ၂၂။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

(10-10)Internet 10 1/1/32, 3:21 AM

● **ကျောဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုသည် နံနက် ၇ နာရီ ၂၅ မိနစ်တွင် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းရန်အောင် ခန်းမ၌ မြိတ်တပ်နယ်ရှိ အရာရှိစစ်သည်များနှင့် မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

တက်ရောက်

တွေ့ဆုံပွဲ အခမ်းအနားသို့ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ စစ်သည်များနှင့် မိသားစုများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

တွေ့ဆုံပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တပ်မတော်သားများ အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်သာမက ပြည်သူ လူ ထုအကျိုးပြု လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်သူလူထုပူးပေါင်း ပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားရန် လိုအပ်ပုံများ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ပုံများ၊ မိသားစု တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးနှင့်မွေးမြူရေးတို့ကို အောင်မြင်အောင် ဆောင်ရွက်ရန် လိုအပ်ပုံများကို ဆွေးနွေးမှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မြိတ်မြို့မှ နံနက် ၉ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် (၇)ရပ်ကွက် ဖိုးရာဇာလမ်းနေ ဦးစိုးလွင်–ဒေါ်ကျင်အမ်း၊ သား ကိုမျိုးသိန်း–မစိန်စိန်၊ မြေး မေဇင်ဦး၊ မေသီရိသော်၊ မေသီရိမော်တို့က အလှူငွေကျပ်တစ်သိန်းကို အင်းစိန်မြို့ ကွက်သစ် မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းစာရင်းစစ် ဦးမြတ်ဆွေက လက်ခံရယူစဉ်။ (ကာ–ပ)

သတိပေးနှိုးဆော်ချက်

၁။ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့တားမြစ်ထားသော်လည်း ယမန်နှစ်၂၀၀၄ခုနှစ်၊သီတင်းကျွတ်ကာလနှင့်တန်ဆောင်တိုင်ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)များအား–

(က) ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု ၂၀၇ မှုတွင်တရားခံ ၂၁၀အားအနည်းဆုံးထောင်ဒဏ်နှစ်နှစ်မှအများဆုံးထောင်ဒဏ် သုံးနှစ်အထိ ချမှတ်အရေးယူခဲ့သည်။

(ခ) ဖောက်ခြင်း၊ ပစ်လွှတ်ခြင်းများ ပြုလုပ်သဖြင့် အရေးယူမှု ၁၀၇မှုတွင် တရားခံ ၁၆၀အား အနည်းဆုံး ထောင်ဒဏ် တစ်နှစ်မှ အများဆုံးထောင်ဒဏ်နှစ်နှစ်အထိ ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၅ ခုနှစ်၊ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင် ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ (ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက ယခင်နှစ်များနည်းတူ အောက်ပါအတိုင်း အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်–

(က) ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေအရ အများဆုံးထောင်ဒဏ်အထိ ချမှတ်မည် ဖြစ်ပါသည်။

(ခ) ပစ်လွှတ်သည့်နေရာ အနီး၊ အဝေး၊ အနိမ့်နှင့် အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း) ဖောက်လျှင် တည်ဆဲဥပဒေအရ အများဆုံး ထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၉

၂၀၀၅ခုနှစ် အောက်တိုဘာ ၉ ရက် ယနေ့တွင် ကျရောက်သည့် “ကမ္ဘာ့စာပို့တိုက်နေ့” (World Post Day) အထိမ်းအမှတ် အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်၍ နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ e-national task force ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အကဲဖြတ်ပညာရှင်များ၊ ဖိတ်ကြားထားသူများ၊ ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွေးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့စာပို့တိုက်သမဂ္ဂအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းထွန်းအောင်က ဖတ်ကြားသည်။

ဆုများချီးမြှင့်

ယင်းနောက် ၂၀၀၅ခုနှစ် (၃၄)ကြိမ်မြောက် အသက် (၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)၌ “A Letter to My Favourite Fairytale Character ” (ဒဏ္ဍာရီပုံပြင်ထဲက ကျွန်ုပ်နှစ်သက်သော ဇာတ်ကောင်ထံသို့ ပေးစာ) ခေါင်းစဉ်ဖြင့် ပထမဆုရ မောင်ကောင်းစည်သူ (အထက–၂၊ ရန်ကင်း)၊ ဒုတိယဆုရ မဇွန်ဦးလှိုင် [အလက၊ ညောင်လေးပင်၊ ပဲခူးတိုင်း (အရှေ့)]၊ တတိယဆုရ မအိမ့်ဟန်နီထွန်း (အထက–၁၊ ဘိုကလေး)တို့အား ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ နှစ်သိမ့်ဆုနှင့် ထူးချွန်ဆုရရှိကြသူများအား ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွေးနှင့် ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

လက်ဆောင်များပေးအပ်

ထို့နောက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးကြီးဝင်းမောင်နှင့် တာဝန်ရှိသူများက ၂၀၀၅ ခုနှစ် (၃၄)ကြိမ်မြောက် အသက်(၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)အတွက် အကဲဖြတ်ပေးကြသော အကဲဖြတ်ပညာရှင်များအားအမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ဆုရရှိသူများကိုယ်စား ပထမဆုရ မောင်ကောင်းစည်သူက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဗဟိုအကဲဖြတ်ပညာရှင်များကိုယ်စား ပညာရေးဝန်ကြီးဌာနမှ ဂုဏ်ထူးဆောင် ပါမောက္ခ ဦးသန်းထွဋ်က အကဲဖြတ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပေးအပ်ချီးမြှင့်

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် နိုင်ငံတကာ လူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ဆုရရှိသူ တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အခြေခံပညာကျောင်းများ ဇုန်နယ်အလိုက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၉

အမှတ်(၃) အခြေခံပညာဦးစီးဌာန ၂၀၀၅–၂၀၀၆ ပညာသင်နှစ် အခြေခံပညာကျောင်းများ (ဇုန်နယ်အလိုက်) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်စွဲ

ရှေးဦးစွာ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင်အသင်းက ရန်ကုန်မြောက်ပိုင်းခရိုင် အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အခြေခံပညာမူလတန်းအဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အသင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားပြီး ဆုများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

သန်လျင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ကာယအလှမယ် ပြိုင်ပွဲကို စက်တင်ဘာ ၂၈ ရက်က အထက(၁) ပတ္တမြားခန်းမ၌ ကျင်းပရာ ပထမရရှိသော မနီနီခင်ဇော်အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်ရီက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၂၇)

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၏ မိဘဆရာ အသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို အောက်တိုဘာ ၆ ရက်က ကျင်းပရာ (၂၀၀၄–၂၀၀၅) ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မသီရိမျိုးမျိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ကြည်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ကာ–ပ)



MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀–၁၀–၂၀၀၅ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၁၀	မြန်မာ–ကိုရီးယား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခြင်းနှစ်(၃၀)မြောက် အထိမ်းအမှတ်ခေတ်ပြိုင်ပန်းချီပြပွဲ
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၃၅	(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား အကြိုအားကစားအဖွဲ့ချုပ်များ၏ ပြင်ဆင်မှုများ (ဘိလိယက်နှင့် စနူကာ)
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	ပေါင်းစည်းအင်အား ရေဝတီမြစ်ကူးတံတားများ
၈း၁၀	ပြည်တွင်းသတင်းအကျဉ်း
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၄၅	ပညာပါရမီကုသိုလ်တော် နတ်လူသာဓုခေါ်
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	ကြယ်ပွင့်များရဲ့ဒိုင်ယာရီ (ရုပ်သံဂျာနယ်မှတ်တမ်း)
၁၀း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	ဘဝတွက်တာကျွမ်းကျင်စရာ
၁၀း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀	ကျန်းမာရေးအတွက် သန့်(၄)သန့် အပိုင်း(၃)
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ဆွာချောင်းရေလှောင်တမံ
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း၏ ကမ္ဘာ့ ပထမဆုံးဟော့စ်ပစ်နေ့နှင့် ဟော့စ်ပစ်တည်ထောင်ခြင်း(၇)နှစ်ပြည့် အခမ်းအနားကျင်းပ

ရန်ကုန် 　　အောက်တိုဘာ 　　၉

ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း၏ ကမ္ဘာ့ပထမဆုံး Hospice **နေ့** The First World Hospice Palliative Care Day **အခမ်းအနားနှင့်** Hospice **တည်ထောင်ခြင်း (၇)နှစ်ပြည့်အခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားတို့ တက်ရောက်ချီးမြှင့်ကြပြီး အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံကြသည်။**

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းနှင့် အဖွဲ့ဝင်များ၊ ဆရာဝန်ကြီးများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ၊ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းမှ သူနာပြုဆရာမများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အမှာစကားပြောကြားသည်။

ထို့နောက် ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့် ကနဦးတည်ထောင်သူ ဦးလှထွန်းက ကမ္ဘာ့ပထမဆုံး Hospice နေ့ The First World Hospice Palliative Care Day အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်ရုံးမှ Ms. Ingela Johansson က အမှာစကားပြောကြားသည်။

ယင်းနောက် ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း ဖြစ်ပေါ်လာရခြင်း၊ တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်နှင့် သမိုင်းကြောင်း၊ Hospice ၏ လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ Computer Point ဖြင့် တင်ဆက်ပြသသည်။

ထို့နောက် ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းအတွက် အလှူငွေ ပေးအပ်ပွဲကိုကျင်းပရာ အလှူရှင်များဖြစ်ကြသည့် ဒေါက်တာဒေါ်ခင်ခင်ရီ မိသားစုက ငွေကျပ် သိန်း ၁၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်ငါးသိန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဇနီး ဒေါ်နီနီဝင်း၊ သား ဗိုလ်လောင်းသိန်းဇော်ညို မိသားစုက ငွေကျပ် ငါးသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မိသားစုက ငွေကျပ်တစ်သိန်း၊ ပုဂံဟိုတယ်မှ သီရိသုခမ္ဘသီဂီ ဒေါ်အေးမြတ်နွယ်က ငွေကျပ် ၁၀သိန်း၊ Crist Lite Myanmar Ltd. က ငွေကျပ်သုံးသိန်း၊ ဦးသိန်းထွန်းက ငွေကျပ် ငါးသိန်း၊ ဗိုလ်မှူးတင်အောင်(ငြိမ်း) – ပါမောက္ခ ဒေါက်တာဒေါ်ချိုလေးမာတို့က ငွေကျပ်နှစ်သိန်း၊ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးအေးသန့်က ငွေကျပ် တစ်သိန်း၊ သမဝါယမဘဏ်လီမိတက်က ငွေကျပ် သိန်း ၃၀၊ မြန်မာဒေပူးလီမိတက်က ငွေကျပ် ၁၀သိန်းနှင့် PTTEP Co., Ltd က F.E.C 800 တို့ကို ပေးအပ်လှူဒါန်းကြပြီး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးလှထွန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က လက်ခံ၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ MRH Development Co., Ltd. နှင့် Myanmar Atlantics Co., Ltd. တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးဉာဏ်စိုးမိုး၊ ဦးစိုးအောင်ကျော်–ဒေါ်ချောကလျာ၊ ဦးထွန်းအေး မိသားစု၊ ဗိုလ်မှူးကြီးအောင်ဝင်း(ငြိမ်း)–ဒေါ်မူမူတင်မိသားစုနှင့် ဦးလှထွန်း ဂရု(ပ်)ဝန်ထမ်းများက ငွေကျပ်တစ်သိန်းစီ၊ Myanmar Carbonix Co., Ltd. နှင့် ဒေါ်သန္တာခိုင်တို့က ငွေကျပ်ငါးသောင်းစီ၊Hospice ဝန်ထမ်းမိသားစုနှင့် Hospice ဝေဒနာရှင်များက ငွေကျပ်လေးသောင်းစီ၊Myanmar Lsglufthnsa Service က F.E.C 300 နှင့် Mr. Philip Dues က အမေရိကန်ဒေါ်လာ၁၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာဦးနေဝင်း၊ ပါမောက္ခ ဒေါ်ရီရီမြင့်နှင့် ပါမောက္ခ ဒေါက်တာ ဒေါ်ချိုလေးမာတို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့်အတူ **"အဆုံးမသတ်နိုင်သောချစ်မေတ္တာ"** တေးသီချင်းကို စုပေါင်းသီဆို၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဝန်ကြီးများနှင့် ဧည့်သည်တော်များအား ဂါရဝပြုနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း၏ ကမ္ဘာ့ ပထမဆုံး Hospice နေ့ အခမ်းအနားနှင့် Hospice တည်ထောင်ခြင်း (၇)နှစ်ပြည့် အခမ်းအနားတွင် အလှူရှင်တစ်ဦး လှူဒါန်းသော အလှူငွေများကို မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်း လက်ခံရယူစဉ်။ (သတင်းစဉ်)

မဟာပဋ္ဌာန်းပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၉

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရေဝတ ဆရာတော်ကြီး(ငွေကြာရံစာသင်တိုက်)အား အမှူးထား၍ တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက် (၆)လမ်းထိပ်ရှိ မြတ်ရတနာ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝါယမနှင့် သံဃာတော်များက (၁၈)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကို သီတင်းကျွတ်လဆန်း ၁၁ ရက်မှ လပြည့်နေ့အထိ ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။ (က–ပ)

အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် အာဇာနည်လမ်း၊ သွေးဆေးကန်ကျောင်းတိုက် ရတနာ့ဂုဏ်ရည်ကျောင်းတိုက်တွင် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၁၉ရက် နံနက် ၄နာရီခွဲမှ အောက်တိုဘာ ၂၃ရက်ထိ ငါးရက်တိုင်တိုင် အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး အောက်တိုဘာ ၂၃ရက် မွန်းလွဲ ၁နာရီတွင် ရေစက်ချတရားတော် နာယူမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁) အမှတ်(၄၉) ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၉

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၄၉)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ကုန်ပစ္စည်းတင်သွင်းခွင့် သွင်းကုန်အခွင့်အရေး(Import Right)များ ခွင့်ပြုပြီ၊ အိန္ဒိယကုမ္ပဏီနှစ်ခုနှင့် ဒေဝူးတို့မြန်မာ့သဘာဝဓာတ်ငွေ့တူးဖော်ရေး လုပ်ကွက်A-3တွင် ပူးပေါင်း ဆောင်ရွက်၊ ဆီထွက်သီးနှံများမှ ရရှိသော ဇီဝလောင်စာဆီများ အစားထိုးသုံးစွဲနိုင်ဖွယ်ရှိလား၊ အာဆီယံကုန်သွယ်မှု တန်ဖိုး လာမည့် ငါးနှစ်တွင် ဒေါ်လာဘီလီယံ ၂၀၀ အထိ ရောက်မည်၊ ဇရာဝတီဒီရေတောများ ပူးပေါင်းကာကွယ် စသည့် ပြည်တွင်းရေးရာ သတင်းဆောင်းပါးများဖြင့် ယနေ့ထွက်ရှိလာသည်။

တရားသူကြီး ဗေလုပ်ဖူးသူ တရားရုံးချုပ် တရားသူကြီးဖြစ်၊ ဆေးလိပ်ချိုးချင်ပန်စိမ်းများကြီး ဒဏ်ရိုက်နှစ်အကြာတွင် ဆေးလိပ်ပြတ်ပြီ၊ အရှေ့လယ်ပိုင်းပင်လယ်ကွေ့ နိုင်ငံသူများ အလှူ့ရှ်၊ တတိယမြောက် အာကာသခရီးသည်ကြီး နိုင်ငံတကာအာကာသစခန်းသို့ ဆိုက်ရောက် စသည့် နိုင်ငံတကာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍ စုံလင်စွာကို e-Empire Media House၊ ဖုန်း–၅၀၀၇၂၁၈ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က–ပ)

ရန်ကုန်တိုင်း မြို့နယ်ပေါင်းစုံ ရေကူးပြိုင်ပွဲဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၉

၂၀၀၅ခုနှစ် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ရေကူးပြိုင်ပွဲ၏ ဒုတိယနေ့ပြိုင်ပွဲများကို ယနေ့ မွန်းလွဲ ၂နာရီတွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပသည်။

အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲနှင့် အဖွဲ့လိုက်ပြိုင်ပွဲ ဆုများကို တာဝန်ရှိပုဂ္ဂိုလ်များက ပေးအပ်ကြပြီး အမျိုးသား တံခွန်စိုက် ပထမဆုရ ဗိုလ်တထောင်မြို့နယ် အသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက လည်းကောင်း၊ အမျိုးသမီး တံခွန်စိုက် ပထမဆုရ ဒဂုံမြို့နယ် အသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းက လည်းကောင်း ချီးမြှင့်ကြသည်။ (သတင်းစဉ်)

မန္တလေးဆောင် ကျောင်းသားဟောင်းများ ပူဇော်ကန်တော့ပွဲနှင့် ပညာဒါနချီးမြှင့်ပွဲကျင်းပ

ရန်ကုန် 　အောက်တိုဘာ 　၉

ရန်ကုန်တက္ကသိုလ် မန္တလေးဆောင် ကျောင်းသားဟောင်းများ၏ (၁၀)ကြိမ်မြောက် အဆောင်မှူး(အငြိမ်းစား)များအားကန်တော့ပွဲနှင့် ဘွဲ့မဲဗေဒါရုံ ဘွဲ့လွန်သင်တန်းသားများအား ပညာဒါန အလှူငွေချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးဆောင် အဆောင်မှူး(အငြိမ်းစား)များဖြစ်ကြသည့် ဆရာညိမ်း၊ ဒေါက်တာခင်မောင်ဝင်းနှင့် ဒေါက်တာသိန်းအောင်တို့အား ကျောင်းသားဟောင်း နာယကများဖြစ်ကြသည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အေး၊ ဝန်ထမ်းရွေးချယ်ရေးကျင့်ရေးအဖွဲ့–အဖွဲ့ဝင် ဦးလှမြင့်ဦးနှင့် နာယကများ၊ ကျောင်းသားဟောင်းများက လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြသည်။(**အပေါ်ပုံ**)

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးတင်အုန်းက ဘွဲ့မဲဗေဒါရုံ ဘွဲ့လွန်သင်တန်းသားများအား ပညာဒါနအလှူငွေချီးမြှင့်ပေးအပ်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀–၁၀–၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း		ညပိုင်း	
၇း၀၀	၁။ မြဝတီအဖွင့်	၄း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း	၄း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်	၄း၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း	၄း၁၅	၄။ လက်ရွေးပြပြန်ဂီတသံ
၇း၃၀	၅။ မြန်မာ့သံစဉ်ချိုနှားဝင်	၄း၂၅	၅။ ရင်မှုခွဲလက်တော်ဝင်ပန်း
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအက၊ အရေးအတီး ပြိုင်ပွဲအစီအစဉ်	၄း၃၅	၆။ မျိုးချစ်တပ်မတော်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ	၄း၄၅	၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း	၅း၀၀	၈။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -Subsidary of Induction (ပထမနှစ်–ဒသနိကဗေဒ)
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ	၅း၃၀	၉။ မြဝတီရုပ်မြင်သံကြားဂဇက်ကဏ္ဍ
၈း၁၅	၁၀။ အပိတ်နှုတ်ဆက်စကား	၅း၅၅	၁၀။ သာယာသီကြွေးတော်ဆန်းတေး
၈း၁၆	၁၁။ ပြီးပါပြီ		

၆း၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။ နိုင်ငံတကာသတင်း
၆း၂၀	၁၃။ မိုးလေဝသသတင်း
၆း၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကြေးငြာချစ်သူ (အပိုင်း–၂၅)
၈း၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ မေးမြန်းဆွေးနွေးခန်း
	၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နှင်းနှင်းသိုင်း (အပိုင်း–၃၁)
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ



ပေးအပ်

နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)သို့ ထပ်တိုးဆွမ်းပဒေသာပင် ကျပ်နှစ်သိန်းကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၀)ရပ်ကွက် ဗဟိုစည်ရပ်ကွက်လုံခြုံရေး မှူးဒါဦးနှင့် ပါသကာအဖွဲ့က လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်းသို့ ပေးအပ်စဉ်။

(၄၃)

မြန်မာလိဂ် အမှတ်ပေးဘောလုံးပွဲ စီးပွား/ ကူးသန်း ဦးဆောင်နေ စီးပွား/ ကူးသန်း၊ တံခွန်နှင့် ဆောက်လုပ်ရေးတို့ အနိုင်ရရှိ

ရန်ကုန် အောက်တိုဘာ ၉

၂၀၀၅–၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်း၊ အောင်ဆန်းကွင်း၊ ပဒုမ္မာကွင်း၊ ပဒေသာကွင်းတို့တွင် ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်း၊ တံခွန်၊ ဆောက်လုပ်ရေးတို့ အနိုင်ရရှိသွားပြီး ပို့ဆောင်ရေးနှင့် ကာကွယ်ရေးတို့ သရေကျသွားသည်။

(သုဝဏ္ဏကွင်း)

စီးပွား/ ကူးသန်းအသင်း ရှစ်ဂိုး
(ဘိုဘိုအောင်–သုံးဂိုး၊မျိုးမင်းထွန်းနှင့် ကျော်ဇင်ဝင်း–နှစ်ဂိုးစီ၊ မာလ–တစ်ဂိုး)
လယ်ယာ/ထွက်ကုန်အသင်း ဂိုးမရှိ
ဒိုင်လူကြီး ဦးလှမင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဖွဲ့စည်းထားသော အသင်းအချင်းချင်း ပြန်လည်တွေ့ဆုံသောပွဲဖြစ်သည်။ သို့သော်လည်း စီးပွား/ကူးသန်းအသင်းက ခြေကုန်ထုတ်၍ ကစားအားမြင့်ကာ ကစားသွားသဖြင့် ဂိုးပြတ်သွားခြင်းဖြစ်သည်။

လယ်ယာ/ထွက်ကုန် အသင်းမှာ ပညာ၊ သမ္မာ သာမက ကစားကွက်ရေခြေစွမ်းအရပါ စီးပွား/ကူးသန်းကို မယှဉ်နိုင်၍ ဂိုးပြတ်ရှုံးရခြင်းဖြစ်သည်။ အမှတ်ပေးဇယားကို ဦးဆောင်နေသည့် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်ကို အမီလိုက်ရန်အတွက် စီးပွားကူးသန်းအသင်းသည် အနိုင်ရရှိရန် သာမက ဂိုးများများ သွင်းယူနိုင်ရန် ပွဲစကတည်းက တိုက်စစ် ဖွင့်ကစားခဲ့သည်။

စီးပွား/ကူးသန်းအသင်းသည် ယနေ့ပွဲ အနိုင်ရရှိလိုက်၍ ယမန်နေ့ပွဲအပြီးတွင် ထိပ်ဆုံးမှ ဦးဆောင်နေသည့် ဘဏ္ဍာ/အခွန်နှင့် တစ်မှတ်စီ တူသွားသည်။ သို့သော် စီးပွားကူးသန်းက သွင်းဂိုး ၂၁ဂိုး၊ ပေးဂိုး သုံးဂိုးဖြင့် အသားတင်ဂိုး ၁၈ဂိုး၊ ဘဏ္ဍာ/အခွန်က သွင်းဂိုး ၁၉ဂိုး၊ ပေးဂိုး တစ်ဂိုးဖြင့် အသားတင်ဂိုး ၁၈ဂိုးဖြင့် ဂိုးချင်း တူကြသော်လည်း စီးပွားကူးသန်းက သွင်းဂိုးပိုသဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးသို့ ရောက်ရှိသွားသည်။ လယ်ယာ/ထွက်ကုန်အသင်းမှာ လေးပွဲကစား၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးဖြင့် တစ်မှတ်သာ ရရှိသေးသည်။

(အောင်ဆန်းကွင်း)

တံခွန်အသင်း လေးဂိုး
သစ်တောရေးရာ ဂိုးမရှိ။

တံခွန်အသင်းသည် ယနေ့ပွဲ ဂိုးပြတ် အနိုင်ရရှိလိုက်၍ လေးပွဲကစား၊ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ သွင်းဂိုးရှစ်ဂိုး၊ ပေးဂိုးတစ်ဂိုးဖြင့် ရမှတ် ၁၀မှတ်ဖြင့် တတိယနေရာအထိ တက်လာသည်။ သစ်တောအသင်းမှာ လေးပွဲကစား တစ်ပွဲနိုင်၊ သုံးပွဲရှုံးဖြင့် သုံးမှတ်သာ ရရှိသေးသည်။

(ပဒုမ္မာကွင်း)

ပို့ဆောင်ရေး ဂိုးမရှိ
ကာကွယ်ရေး ဂိုးမရှိ

ပို့ဆောင်ရေးအသင်းမှာ သရေကျသွား၍ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ သွင်းဂိုး ရှစ်ဂိုး၊ ပေးဂိုးသုံးဂိုး ၁၀မှတ်ဖြင့် အဆင့်(၄)နေရာရောက်ရှိသွားပြီး ကာကွယ်ရေးအသင်းမှာ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး၊ နှစ်မှတ်သာရရှိထားသည်။

(ပဒေသာကွင်း)

ဆောက်လုပ်ရေးအသင်း နှစ်ဂိုး
(ခွန်ဇေယျာထွန်းနှင့် ဆန်းဒေးသိန်း)
မြို့တော်စည်ပင်အသင်း ဂိုးမရှိ

ဆောက်လုပ်ရေးအသင်းသည် နှစ်ပွဲနိုင်၊ နှစ်ပွဲရေ၊ ရှစ်မှတ်ဖြင့် အဆင့်(၅) နေရာရောက်ရှိလာပြီး မြို့တော်စည်ပင်အသင်းမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး လေးမှတ်ရရှိထားသည်။

ယနေ့ပွဲ

ညနေ ၃နာရီခွဲ

(အောင်ဆန်းကွင်း)

တပ်မတော်ကြည်း(က)နှင့် ကမ္ဘောဇ

(ကြေးမုံ)

စီးပွား/ကူးသန်းမှ ဇော်လင်းထွန်း၏ ထိုးဖောက်ဂိုးသွင်းရန်ကြိုးပမ်းမှုကို လယ်ယာ/ထွက်ကုန်မှ သန်းဇော်ဝင်း လျှောထိုးဖျက်ထုတ်နေစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် အောက်တိုဘာ ၉

လွန်ခဲ့သော၂၄နာရီအတွင်းက ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆း၃၀ နာရီအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် သာယာနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ထူးခြားသည့်အခြေအနေမှာ ယမန်နေ့က ထိုင်းနိုင်ငံတွင် ဖြတ်ကျော်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အနောက်ဘက်သို့ ရွေ့လျားခဲ့ကာ ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆း၃၀နာရီအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းသို့ ရောက်ရှိနေသည်။

အောက်တိုဘာ ၁၀ရက်နေ့ ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ကာယအလှမယ်ပြိုင်

ရန်ကုန် အောက်တိုဘာ ၉

ရန်ကုန်တိုင်း အမျိုးသမီးရေးရာဖွဲ့နှင့် ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့တို့ ကြီးမှူးကျင်းပသည့် ရန်ကုန်မြောက်ပိုင်းခရိုင် ကာယအလှမယ်ပြိုင်ပွဲကို အောက်တိုဘာ ၂ရက် မွန်းလွဲ ၂နာရီက အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် Nice စားသောက်ဆိုင်တွင် ပြုလုပ်ရာ ခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ ကာယအလှမယ် ၁၆ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စောရွှေ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းငွေနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ပြိုင်ပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ကာယအလှမယ်ဆုရရှိသူ မစန္ဒာဦး (တိုက်ကြီး)မြို့နယ် **(အောက်ပုံ)**နှင့် ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

(၆၁)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် အောက်တိုဘာ ၉

ဗိုလ်မှူးကြီး မောင်တိုး(အငြိမ်းစား)သည် ကစားဖော်များ ဖြစ်ကြသော ဗိုလ်မှူးကြီး အောင်မြင့် (အငြိမ်းစား)၊ ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်ဝင်း (အငြိမ်းစား)နှင့် ဒုတိယ ဗိုလ်မှူးကြီး ဝင်းကြည် (အငြိမ်းစား)တို့နှင့် အတူ ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ငွေသော်တာ ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Pro-Staff 01 ဘောလုံးကို Wilson Iron-5 သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၄ကိုက် အကွာအဝေးရှိ အမှတ်(၅) ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

(သတင်းစဉ်)

အသက် (၁၈)နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲ ယနေ့ ဗိုလ်လုပွဲများ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၉

၂၀၀၅ခုနှစ် ပထမအကြိမ် အသက်(၁၈)နှစ်အောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲများကို ယနေ့နံနက် ၉နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

အမျိုးသမီး ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းက မကွေးတိုင်းကို နိုင်ပြီး၊ ရန်ကုန်တိုင်းက မန္တလေးတိုင်းကိုနိုင်ကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းက တနင်္သာရီတိုင်းကိုနိုင်ပြီး မန္တလေးတိုင်းက မွန်ပြည်နယ်ကိုနိုင်ကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

(ယနေ့ ဗိုလ်လုပွဲ)

အမျိုးသမီးပွဲ

ရန်ကုန်တိုင်း နှင့် စစ်ကိုင်းတိုင်း

အမျိုးသားပွဲ

ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်း (ကြေးမုံ)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဥရောပဇုန်ခြေစစ်ပွဲများယှဉ်ပြိုင် အင်္ဂလန်၊ နယ်သာလန်၊ အီတလီ၊ စပိန်နှင့် ရုရှားအသင်းတို့အနိုင်ရရှိ

မန်ချက်စတာ အောက်တိုဘာ ၉

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဥရောပဇုန်ခြေစစ်ပွဲကို အင်္ဂလန်နိုင်ငံမန်ချက်စတာမြို့တွင် စနေနေ့က ကျင်းပရာ အင်္ဂလန်အသင်းက ဩစတြီးယားနိုင်ငံအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ အင်္ဂလန်အသင်းမှ အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်းသည် ဒုတိယပိုင်းတွင် ထုတ်ပယ်ခံခဲ့ရသော်လည်း ယခုပွဲတွင် အနိုင်ရရှိသည့် အင်္ဂလန်အသင်းမှာ ခြေစစ်ပွဲအောင်ရန် သေချာသွားပြီဖြစ်သည်။

ပွဲချိန် ၂၅မိနစ်တွင် ဖရန့်ခ်လမ်းပတ်က ပယ်နယ်တီမှ တစ်ဆင့် ဂိုးသွင်းနိုင်ခဲ့ပြီး တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် အင်္ဂလန်အသင်း အောင်ပွဲခံနိုင်သည်။ အင်္ဂလန်အသင်းသည် ဥရောပဇုန်အုပ်စု(၆)တွင် ထိပ်ဆုံးမှရှိနေသော ပိုလန်အသင်းနှင့် နှစ်မှတ်သာ ကွာခြားပြီး ဗုဒ္ဓဟူးနေ့တွင် ပိုလန်အသင်းနှင့် ယှဉ်ပြိုင် ကစားသည့်အခါ အနိုင်ရရှိမည်ဆိုပါက အုပ်စုဗိုလ်အဖြစ် ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ပိုလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့်အခါ တစ်ပွဲအပယ်ခံရသည့် ဘက်ခမ်းပါဝင်ခွင့် ရရှိမည်မဟုတ်ပေ။ အင်္ဂလန်အသင်း အားဖြည့်ပေးမည့်သူမှာ ပွဲပယ်ခံခဲ့ရပြီးနောက် ပြန်လည်ကစားခွင့်ရရှိမည့် တိုက်စစ်မှူး ဝိန်းရူးနေးဖြစ်ပြီး အားထားရသည့် ကွင်းလယ်ကစားသမားအဖြစ် ရိုက်ဖီးလစ်က အစားထိုးဝင်ရောက်လာနိုင်သည်။

၂၂မှတ်ရရှိထားသော အင်္ဂလန်အသင်းသည် အုပ်စုဗိုလ်ဖြစ်ရန် ရည်မှန်းသောအဆုံးအဖြတ် ပေးသည့်ပွဲအဖြစ် ခံစစ်အပိုင်းတွင် ဘောလုံးသမားအပြောင်းအလဲ ပြုလုပ်မည်ဟု မျှော်လင့်ရသည်။ ထူးထူးခြားခြား ကစားအားကောင်းသော ဂျွန်တယ်ရီကို ခံစစ်တောင့်တင်းစေရန် ရွေးချယ်ဖွယ်ရှိသည်။

နယ်သာလန်–ချက်

ဥရောပဇုန်အုပ်စု(၁)ခြေစစ်ပွဲအဖြစ် နယ်သာလန်နိုင်ငံအသင်းနှင့် ချက်သမ္မတနိုင်ငံအသင်းတို့ ချက်သမ္မတနိုင်ငံမြို့တော် ပရာဟာတွင် စနေနေ့က ယှဉ်ပြိုင်ကစားခဲ့ကြရာ နယ်သာလန်နိုင်ငံအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပထမပိုင်းအတွင်းမှာပင် နယ်သာလန်နိုင်ငံအသင်းအတွက် ရာဖေးလ်ဗန်ဒါဗာယတ်နှင့် ဘာရီအော့ဖ်ဒမ်တို့က အသီးသီးဂိုးသွင်းပေးခဲ့ကြသည်။

၃၁ မှတ်ဖြင့် အုပ်စု(၁)တွင် အုပ်စုဗိုလ်ဖြစ်လာသော နယ်သာလန်အသင်းသည် ခြေစစ်ပွဲအောင်မြင်ခဲ့ပြီးဖြစ်သည်။ နယ်သာလန်အသင်းသည် ရိုမေးနီးယားအသင်းထက် ခြောက်မှတ်အသာရရှိထားပြီး ချက်နိုင်ငံအသင်းမှာမူ ၂၄ မှတ်ဖြင့် တတိယနေရာတွင်ရှိနေသည်။ ချက်နိုင်ငံအသင်းနှင့် ထပ်ဆင့်ခြေစစ်ပွဲ ဝင်နိုင်စေရန် ဖင်လန်အသင်းကို ဗုဒ္ဓဟူးနေ့တွင် အနိုင်ကစားရန်လိုအပ်သည်။

အီတလီ–ဆလိုဗေးနီးယား

အီတလီနိုင်ငံ စစ္စလီကျွန်း၏မြို့တော် ပါလာမိုမြို့တွင် စနေနေ့ကကျင်းပသော ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စု(၅) ခြေစစ်ပွဲတွင် အီတလီအသင်းက ဆလိုဗေးနီးယားအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ကမ္ဘာ့ဖလားချန်ပီယံအဖြစ် သုံးကြိမ်တိုင်တိုင် ဗိုလ်စွဲခဲ့ဖူးသော အီတလီအသင်းသည် ယခုပွဲတွင် သရေကစားရုံမျှဖြင့် ခြေစစ်ပွဲအောင်ရန်သေချာပြီးဖြစ်သော်လည်း အစားထိုးဝင်လာသူ ခရစ်တီယန်ကာဒိုက ပွဲချိန် ၇၈မိနစ်တွင် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းသူကာသုံးမှတ်ရယူခဲ့သည်။

ဝေလ–မြောက်အိုင်ယာလန်

ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စု(၆)တွင်ပါဝင်သော ဝေလအသင်းနှင့် မြောက်ပိုင်းအိုင်ယာလန်အသင်းတို့၏ ပွဲတွင် ဝေလအသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ဘယ်လ်ဖတ်စ်မြို့ရှိ ဝင်ဆာပါ့ခ်အားကစားရုံတွင် ဝေလအသင်းက မြောက်ပိုင်းအိုင်ယာလန်အသင်းကို အနိုင်ရရှိခြင်းဖြစ်သည်။ နှစ်နှစ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

စပိန်–ဘယ်လ်ဂျီယံ

ဥရောပဇုန် အုပ်စု(၇)တွင်ပါဝင်သော စပိန်အသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ ဘရပ်ဆယ်မြို့တွင် စနေနေ့က ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဒုတိယပိုင်းတွင် ဖာနန်ဒိုတောရက်စ် တစ်ဦးတည်းက သုံးမိနစ်အတွင်း နှစ်ဂိုးစလုံးသွင်းယူခဲ့သည်။

အုပ်စု(၇)တွင် ဆားဘီးယားနှင့် မွန်တီနီဂရိုးက ၁၉ မှတ်ဖြင့် ဦးဆောင်နေပြီး ယင်းအသင်းသည် စပိန်အသင်းထက် နှစ်မှတ်အသာရရှိထားကာ ဘော့စနီးယားအသင်းထက် သုံးမှတ်ပိုမိုရရှိထားသည်။ ဘယ်လ်ဂျီယံအသင်းမှာမူ ထပ်ဆင့်ခြေစစ်ပွဲကစားရန် မျှော်လင့်ချက်များ ပျောက်ကွယ်သွားပြီဖြစ်သည်။

ရုရှား–လူဇင်ဘတ်

ရုရှားနိုင်ငံ မြို့တော်မော်စကိုတွင်ကျင်းပသော ကမ္ဘာ့ဖလား ဥရောပဇုန် အုပ်စု(၃)ခြေစစ်ပွဲတွင် ရုရှားနိုင်ငံအသင်းက လူဇင်ဘတ်နိုင်ငံအသင်းကို ငါးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ရုရှားအသင်းသည် ယခုပွဲတွင်အနိုင်ရရှိခြင်းဖြင့် ထပ်ဆင့်ခြေစစ်ပွဲကစားရန် မျှော်လင့်ချက်များပိုမိုရှင်သန်လာသည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဥရောပဇုန် အုပ်စု(၆) ခြေစစ်ပွဲတွင် အင်္ဂလန်မှ ဖရန့်ခ်လမ်းပတ်က ဩစတြီးယားအသင်းဘက်သို့ ပယ်နယ်တီ ဂိုးသွင်းယူစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တာဝန်ရှိသူများ စွမ်းဆောင်နိုင်မှုရှိလျှင် ရှိသလို တာဝန်ယူထားသည့်ဒေသများ တိုးတက် စွမ်းဆောင်နိုင်မှု အားနည်းလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှု နှေးကွေးသည်ကို တွေ့ရှိရ

လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထု ပူးပေါင်းပါဝင်အောင် စည်းရုံးဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၉

တနင်္သာရီတိုင်း မြိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီတွင် မြိတ်မြို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

တက်ရောက်

တွေ့ဆုံပွဲ အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက တနင်္သာရီတိုင်း၏ ဆန်စပါးစိုက်ပျိုးနိုင်မှု၊ ဆီအုန်းစိုက်ပျိုးသည့် ကုမ္ပဏီများကို မြေနေရာချထားပြီးစီးမှုနှင့် ဆီအုန်းစိုက်ပျိုးပြီးစီးမှု၊ ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်းလျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု၊ ဆီအုန်းဆီကြိတ်စက်များ တည်ဆောက်ပြီးစီးမှု၊ ၂၀၀၄-၂၀၀၅ခုနှစ် ရော်ဘာစိုက်ပျိုးပြီးစီးမှု၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ရေတတ်ကောင်းတိုးချဲ့ စိုက်ပျိုးနိုင်မှုနှင့် လူတစ်ဦးချင်း အသားတင်ဝင်ငွေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆည်မြောင်းဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြေစာရင်းဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် တရားရေးဌာနတို့မှ တာဝန်ရှိသူများက ဌာနဆိုင်ရာအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်ဆွေးနွေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး တနင်္သာရီတိုင်းသည် နောင်အခါ မလွဲမသွေ ဖွံ့ဖြိုးတိုးတက်လာမည့် တိုင်းဖြစ်ကြောင်း၊ တာဝန်ရှိသူများ စွမ်းဆောင်နိုင်မှုရှိလျှင် ရှိသလို တာဝန်ယူထားသည့် ဒေသများ တိုးတက်သကဲ့သို့ စွမ်းဆောင်နိုင်မှု အားနည်းလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှု နှေးကွေးသည်ကို တွေ့ရှိရကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထု ပူးပေါင်းပါဝင်အောင် စည်းရုံးဆောင်ရွက်နိုင်လျှင် ပိုမိုထိရောက်မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်း၌ ထူးခြားသည့် သဘာဝအခြေခံများရှိနေရာ ပြင်ပနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရာ၌ နောက်ကျကျန်ရစ်ခဲ့ခြင်းမျိုး မဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ မြိတ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်များနှင့် မိသားစုများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

အောက်တိုဘာ ၉ ရက်က ၂၀၀၅ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ခင်းကျင်း ပြသထားသော ကျောက်စိမ်းတုံးများကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။ (သတင်း၊ စာ-၂) (သတင်းစဉ်)

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

* **ပခုက္ကူခရိုင်အတွင်း၌ ခေတ်မီချည်မျှင်နှင့် အထည်စက်ရုံကို ဖွင့်လှစ်နိုင်သည့်အတွက် ပခုက္ကူ၊ ဆိပ်ဖြူ၊ ပေါက်၊ မြိုင်၊ ရေစကြို စသောမြို့နယ်များရှိ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာပြီဖြစ်သည်။** (ခေါင်းကြီး) (စာမျက်နှာ-၂)

* **မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် လိုအပ်သော ဓာတုဗေဒပစ္စည်းများ ပြည်ပမှ ဝင်ရောက်မှုမရှိစေရေးအတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို မြန်မာနိုင်ငံ နယ်စပ်တစ်လျှောက် သက်ဆိုင်သော နိုင်ငံများမှ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့များနှင့် အပြန်အလှန်ဆက်ဆံကာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။**
ကြည်သိန်းဦး၏ ***"အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် အောင်မြင်လျက်ရှိသည့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များ"*** (ဆောင်းပါး) (စာမျက်နှာ-၆)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၉-၁၀-၂၀၀၅)

မြိတ်	- ၁ ဒသမ ၁၅ လက်မ	**ဖျာပုံ**	- ၀ ဒသမ ၈၃ လက်မ
ရမည်းသင်း	- ၁ ဒသမ ၀၂ လက်မ	**မုံရွာ**	- ၀ ဒသမ ၇၉ လက်မ
ဟင်္သာတ	- ၀ ဒသမ ၉၈ လက်မ	**ချောက်**	- ၀ ဒသမ ၄၇ လက်မ
သာယာဝတီ	- ၀ ဒသမ ၉၀ လက်မ		